မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရုပ်သေးကြိုးဆွဲကပြမှုအဖြစ် ဦးရွှေရိုးနှင့်ဒေါ်မိုး ကကွက်ကို ရှုမငြီးစရာ ဤသို့ မြင်တွေ့ရသည်။

စင်မြင့်၌ အသွင်တင့်သည့် ရုပ်သေးအနုပညာဖန်တီးမှု

သတင်းမှတ်စု - မိုးမြင့်လင်းလက်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

အနုပညာတို့စုစည်းရာသည် ရုပ်သေးဟုဆိုလျှင် မှားမည်မထင်။ ရုပ်သေးတွင် ပန်းပုလည်းပါဝင်သလို ပန်းချီခြယ်သမှုလည်း ပါဝင်သည်။ အဝတ်အစားဆင်ယင်မှု၊ ပြင်ဆင်ချုပ်လုပ်မှုတို့တွင်သာမက အဆို၊ အငို၊ အက၊ အတီး၊ ကြိုးဆွဲစသည့် အနုပညာရပ်တို့ကို ရုပ်သေးတွင် တွေ့မြင်နိုင်သည်၊ ခံစားနိုင်သည်။ မြန်မာ့ရုပ်သေးသည် နှစ်ပေါင်း ၈၀၀ ကျော်မျှ ကြာရှည်ခဲ့လေပြီ။

သမိုင်းကြောင်းရှည်လျားသော မြန်မာ့ရုပ်သေးကား ယနေ့ခေတ်ကာလ၌ ပြည်ပမှ ထိုးဖောက်လာသည့် အနုပညာစီးကြောင်းများ၏ဒဏ်ကို ခံခဲ့ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁*

ရေလျှံတွင်းမှ စိုက်ပျိုးရေကို အသုံးပြု ရမည်းသင်း၌ ဧရုတ်စိုက်ခင်းများ

အောင်မြင်စွာစိုက်ပျိုး

နေပြည်တော် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် တိုင်းဒေသကြီး လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းတို့သည် ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြစ်သားမြို့နယ် သီလကျေးရွာအုပ်စုရှိ ရွှေနန်းတော်စိုက်ကွင်း၌ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေ၊ အသုံးပြုစိုက်ပျိုးသော မိုးစပါး၏ အရည်အသွေး၊ စိုက်ပျိုးထုတ်လုပ်သော ကုန်ကျစရိတ် သက်သာမှု ရှိ/မရှိ စမ်းသပ်၍ စတင်စိုက်ပျိုးသော စပါးမျိုးကို စမ်းသပ်စိုက်ကွင်း၌ စိုက်ပျိုးပြီးမှသာ မိုးစပါးအသစ်ကို စမ်းသပ်စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးစိုက်ပျိုးပညာပေးစခန်း ဝက်လက်အုပ်စု တောင်သူဦးကြင်ခဲ၏ *စာမျက်နှာ ၂ ကော်လံ ၁* ❖

ထူးခြားသည့် နေ့အပူချိန်များ ၂၄-၄-၂၀၁၁	
မင်းဘူးမြို့	၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၁ ဒီဂရီစင်တီဂရိတ်
ဓောင်းတူမြို့	၄၁ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့	၄၁ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယနေ့ အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်သည်။ ဖော်ပြပါ စီမံကိန်းလုပ်ငန်းကြီးများ မြန်မြန်ပြီးမြောက်အောင်မြင်သည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်များကို အချိန်တိုအတွင်း ကိုယ်စီကိုယ်င ခံစားပိုင်ခွင့်ရရှိကြပေတော့မည်။

ကျော်ရဲမင်း၏ ဆောင်းပါး (စာ-၈၊ ၉)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၂၅ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တူညီသည့်ရည်မှန်းချက်ထားရှိ ညီညီညွတ်ညွတ်ပူးပေါင်း ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေသယံဇာတနှင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိထိရောက်ရောက်အကျိုးရှိရှိအသုံးချသွားပါက မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများကဲ့သို့ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ဧပြီလ ၂၂ ရက်နေ့က ကျင်းပခဲ့ရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက “တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးမပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့လက်ထက်တွင် နှစ်နှစ် သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းများမြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားကြရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေမြေသယံဇာတပေါများသည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက်အသုံးချကာ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်အတွင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေဆောင်ရွက်ရမည့် အချို့သော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ၊ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးလုပ်ငန်းကြီးများ၊ မဟာဗျူဟာလမ်းကြောင်းများဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်းစသော မဟာဗျူဟာလမ်းများသည် အထူးစီမံကိန်းကြီးများစာရင်းတွင် ပါရှိပေသည်။

ယနေ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြရာ မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်ရန်၊ ခေတ်နောက်ကျမကျန်ရန်၊ ပြည်သူတိုင်းက ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းလုပ်ကိုင်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် တူညီသောရည်မှန်းချက်ထားရှိပြီး အထက်နှင့် အောက်၊ ဘေးတိုက် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါ သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများ ပေါင်းစည်းအားဖြင့် တာလေငလျင်ဒဏ်ခံဒေသ ပြန်လည်ထူထောင် တည်ဆောက်လျက်ရှိ

တာချီလိတ် ဧပြီ ၂၄

မတ် ၂၄ ရက်က တာချီလိတ်ခရိုင် တာလေမြို့တွင် အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် အသက်အိုးအိမ်များ ပျက်စီးခဲ့ရကာ ယခုအခါ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ပေါင်းစည်းအားဖြင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မှာကြား

ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းများအား တိကျမြန်ဆန်စွာ ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဆောက်လုပ်ရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီပြီးစီးအောင် ဆောင်ရွက်ရေး၊ သန့်ရှင်းသောသောက်သုံးရေများ စဉ်ဆက်မပြတ်ရရှိရေး၊ လုပ်ငန်းကော်မတီများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင် ပြည်သူများ၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းအားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စနစ်တကျ မှတ်တမ်းပြုစုထားရေး၊ ရန်ပုံငွေများအား သုံးစွဲရာတွင် အလေအလွင့် မရှိစေရေးအတွက် လုပ်ငန်းကော်မတီအလိုက် စနစ်တကျ စီမံထားရှိဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေငလျင် ဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ တာဝန်ခံများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။ **(ဝဖဝ)**

သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၂၄

ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်)က ဒလမြို့နယ် သီရိဇေယျာအနော်ရထာခန်းမကြီး၌ ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဦးစီး၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပရာ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွား ၄၆ ဦး တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီနှင့် အစားအသောက်၊ ဆေးဝါး ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ဝဲပုံ) (ဘိုးဘွားရိပ်သာ)**

❖ ရွှေဖုံးမှ

စီးပွားဖြစ် မျိုးသန့်စပါး စိုက်ခင်းဧက (၅၀)စိုက်ပျိုးထားရှိမှုကို ဝင်ရောက်ကြည့်ရှု စစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဆူးချင်ကုန်းကျေးရွာ ထွေးပင်ရိုးအုပ်စု ကွင်းအမှတ် (၁၆၆)ရှိ ရေလျှံတွင်းမှ စိုက်ပျိုးရေ အသုံးပြုထားသော ငရုတ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများ၏ ဝါစိုက်ပျိုးရရှိမှု အခြေအနေကို မေးမြန်းဆွေးနွေးကာ ရမည်းသင်းမြို့ အရှေ့တောင်ဘက်ရှိ ကျီးနီကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဝေးပြေးကားဝင်းအတွင်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီ ၈ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ရက် (အဖိတ်နေ့)
၂၅-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၅ ၇။ **သုံးပင်နှစ်ဆယ်**
၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၁၅ ၃။ အကပဒေသာ
၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၃၀ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၂)

အာဆီယံ-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၉ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ကျင်းပခဲ့သည့် အာဆီယံ-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယင်းအစည်းအဝေးသည် မကြာသေးမီက ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့အပြင် ဒေသတွင်း အခြားနေရာများတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်များ နောက်ပိုင်း အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

တက်ရောက်

အစည်းအဝေးတွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမာတီအာအမ်နာတာလီဂါဝါနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာကဲအကို မာဆူမိုတိုတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အခြားကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အာဆီယံဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျကာတာမြို့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘမ်ဘန်ယူဒိုယိုနိုက အဖွင့်မိန့်ခွန်း ပြောကြားပြီး တက်ရောက်သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် မကြာသေးမီက ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ကြေညာချက်ထုတ်ပြန်

အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမာတီအာအမ်နာတာလီဂါဝါက အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား အနာဂတ်တွင် သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုကို ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်ဆက်လက် လုပ်ဆောင်သွားရေးကို ထပ်လောင်းအတည်ပြုခဲ့ပြီး ဂျပန်နိုင်ငံမှ သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေးအတွက်အထောက်အကူများ ဆက်လက်တိုးမြှင့်မည့် ကိစ္စကိုလည်း ကြိုဆိုခဲ့သည်။ အဏုမြူဓာတ်အားပေးစက်ရုံ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုကို တိုးမြှင့်မည့် ဆုံးဖြတ်ချက်နှင့် အဏုမြူစက်ရုံမတော်တဆဖြစ်မှုကြောင့် ရရှိသည့် အတွေ့အကြုံများကို အာဆီယံအဖွဲ့ဝင်များအား မျှဝေမည့် ဂျပန်နိုင်ငံ၏ ဆန္ဒသဘောထားကိုလည်း ထောက်ခံအားပေးခဲ့သည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးအပြီးတွင် ပူးတွဲသဘာပတိများက သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ရှင်းလင်းပြောကြား

အစည်းအဝေးကျင်းပသည့်နေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာတာကဲအကိမာဆူမိုတိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်တို့သည် ဂျကာတာမြို့ ဂရင်းဟာရတ်(Grand Hyatt) ဟိုတယ်၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စကို ဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖူကူရှီးမား အဏုမြူဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ပွားမှု နောက်ပိုင်း ဂျပန်အစိုးရက ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူမြို့နယ် ကိုင်းကျေးရွာ၌ သောက်ရေကန်လှူဒါန်း သောက်သုံးရေရရှိသဖြင့် ကျေးရွာပြည်သူများ ဝမ်းသာပီတိဖြစ်ရ

ပခုက္ကူ ဧပြီ ၂၄

ပခုက္ကူမြို့နယ် ကိုင်းကျေးရွာအုပ်စု ကိုင်းကျေးရွာတွင် ဒေသခံကျေးရွာသူ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပခုက္ကူမြို့ အမှတ်(၅)ရပ်ကွက် ဦးခင်ကို-ဒေါ်ခင်တုတ်မိသားစုနှင့် မန္တလေးမြို့ ဦးမောင်မောင်စီ-ဒေါ်စန်းစန်းဦး မိသားစုတို့က ငွေကျပ် ၁၀၅သိန်းခန့်တန်ဖိုးရှိ ရေပန့်၊ အင်ဂျင်၊ ရေစင်၊ ပိုင်းမြေကွက်၊ စက်ရေတွင်း၊ ရေကန်လှူဒါန်းပွဲကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ ရေစက်၊ ရေကန်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး အလှူရှင်မိသားစုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အများသုံးသောက်ရေကန်ကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ရေစက်၊ ရေကန်ကို စတင်အသုံးပြုနိုင်ရန် ရေခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အများသုံးသောက်ရေကန်၏ ကျေးဇူးကြောင့် ကိုင်းကျေးရွာတွင် အိမ်ခြေ ၂၇၆ လုံးမှ လူဦးရေ ၂၅၀၀ခန့်နှင့် ကျေးရွာရှိ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အကောင်ရေ ၁၂၀၀ ကျော်တို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိကြသဖြင့် ကျေးရွာသူ ကျေးရွာသားများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရှိရသည်။ (၁၀၂)

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ သက်ကြီးပူဇော်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းနှင့် ရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ဘိုးဘွား ၁၄၉ဦးအား ငွေကျပ် ၂၉၆၀၀၀၀နှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်မဲတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲကျင်းပ

ကျောက်မဲ ဧပြီ ၂၄

ကျောက်မဲမြို့နယ် ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြို)နေ့ ညနေ ၅ နာရီက မြို့မရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆုချီးမြှင့်

ထို့နောက် ကျောက်မဲမြို့နယ် ဂီတအစည်းအရုံးဝင်များနှင့် ယိမ်းအဖွဲ့များက သီဆိုကပြဖျော်ဖြေကြသည်။ သင်္ကြန်ကာလအတွင်းတွင် ဗဟိုမဏ္ဍပ်၌ ဂီတအစည်းအရုံးဝင်များ၏ သီဆိုကပြဖျော်ဖြေမှု၊ ယိမ်းအဖွဲ့ ၁၄ ဖွဲ့၏ ယိမ်းအကပြိုင်ပွဲများကျင်းပခဲ့ပြီး မဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့ ညနေ ၅ နာရီတွင် ကျင်းပကာ ဆုရယိမ်းအဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗိုလ်ချုပ်ဈေး ပန်းချီပြပွဲတွင် ပြသလျက်ရှိသော ပန်းချီဆရာ စောတင့်ဝေ၏ လက်ပံပွင့်ချိန်အမည်ရှိ ပန်းချီကား။

သင်္ကြန်အလွန် ပန်းချီပြပွဲများပြသ

ရန်ကုန် ဧပြီ ၂၄

သင်္ကြန်ကာလပြီးနောက် ရန်ကုန်မြို့ရှိ ပန်းချီပြခန်းများ ပြန်လည်ဖွင့်လှစ်ပြသခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပန်းချီပြခန်းသည်လည်း ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်။ ယခုအခါ အစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များ စုစည်း၍ ရန်ပုံငွေပွဲအဖြစ် ဧပြီ ၂၂ရက်မှ ၂၆ရက်အထိ ပန်းချီကား ၄၅ကား ချိတ်ဆွဲပြသလျက်ရှိသည်။

ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ဟင်္သာတမြို့နယ်မှ ပန်းချီ ဆရာများ စုစည်း၍ ရေဆေး၊ ဆီဆေး အခရိုင်းလစ် ပန်းချီကားများကို ဆက်လက်ပြသသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ် ဂီရိလေဘေးရန်ပုံငွေပွဲအတွက် ပန်းချီဆရာများ ပေါင်းစု၍ The Givers အမည်ဖြင့် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ပန်းချီပန်းပုကျောင်း၌ ဧပြီ ၂၅ ရက်မှ ၂၉ရက်အထိ ပန်းချီပြပွဲကို ပြသသွားမည်ဖြစ်ပြီး ရောင်းရငွေ အားလုံးကို ဂီရိလေဘေး အလှူငွေအဖြစ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ***(ရိုးရာပန်းပညာရှင်များအစည်းအရုံး)***

မင်းပြား၌ ဒေသဖွံ့ဖြိုးရေးညှိနှိုင်းစည်းဝေး

မင်းပြား ဧပြီ ၂၄

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၇ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထို့နောက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅အုပ်စုမှ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် လမ်းတံတား၊ ရေကန်တည်ဆောက်ရေး စသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှေးဟောင်းပစ္စည်းများ ညောင်ဦး၌လှူဒါန်း

ညောင်ဦး ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ပွဲစားတန်းရပ်နေ ဦးကျော်စိန် (လူမှုထူးချွန်-တတိယဆင့်)-ဒေါ်စန်းစန်းလွင် အထပြ(ငြိမ်း)မိသားစုတို့က ရှေးဟောင်းပစ္စည်းများ ဖြစ်သည့် ရတနာပုံခေတ် ဒေါင်းတံဆိပ်ပါ ငွေဒင်္ဂါးကျပ်စေ့တစ်စေ့၊ ဒေါင်းတံဆိပ် ငွေဒင်္ဂါး မူးစေ့ တစ်စေ့၊ ကြေးစေ့၊ အင်္ဂလိပ်ခေတ်သုံး ကျော့တံဆိပ် ငွေဒင်္ဂါးကျပ်ပြား တစ်ပြား၊ ကျော့တံဆိပ်ငွေဒင်္ဂါး မတ်စေ့ တစ်စေ့၊ အင်္ဂလိပ်ခေတ်သုံး ငွေစက္ကူ အမျိုးမျိုးနှင့် ဂျပန်ခေတ်သုံး ငွေစက္ကူ အမျိုးမျိုး၊ မြေဆေးတံအိုးသုံးချောင်း အပါအဝင် ရှေးဟောင်းပစ္စည်း အမျိုးအစားစုစုပေါင်း ရှစ်မျိုးကို နေပြည်တော် အမျိုးသားပြတိုက်ကြီးတွင် ထားရှိရန် ညောင်ဦးမြို့နယ်၌ လာရောက်လှူဒါန်းသည်။ ထိုသို့ လှူဒါန်းရာတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးသိန်းလွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

နိုင်ငံတကာသတင်းများ

အီရတ်အစိုးရ တာဝန်ရှိသူသုံးဦး ဘဂ္ဂဒက်၌ လုပ်ကြံသတ်ဖြတ်ခံရ

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်အစိုးရ တာဝန်ရှိသူသုံးဦးသည် ဧပြီ ၂၃ ရက်က မြို့တော် ဘဂ္ဂဒက်၌ သေနတ်သမားများက အသံတိတ်ကိရိယာများတပ်ဆင်သည့် ပစ္စတိုသေနတ်များဖြင့် နေရာသီးခြားစီ၌ပစ်သတ်ခံခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ယူဆစ်အဗ္ဗဒူလာတစ်ဟုဆိုသူသည် ကာကွယ်ရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး ၎င်းသည် ဘဂ္ဂဒက်မြို့လယ် အယ်လ်ဂျာဒရီယာအရပ်၌ အသတ်ခံရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသတ်ခံရ

အီရတ်အခွန်ကော်မတီရုံးမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဖုတ်ဖာဟေးလ်သည် ဘဂ္ဂဒက်အနောက်ပိုင်း အယ်လ်ဂျာမီယာအရပ်၌ အသတ်ခံရခြင်းဖြစ်သည်။ အီရတ်ထောက်လှမ်းရေးအရာရှိ မိုဟာမက်ကာဆင်ဆိုသူသည် ဘဂ္ဂဒက်အနောက်ပိုင်း မန်ဆာအရပ်၌ အသတ်ခံရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ မတ်လတွင် အီရတ်အရပ်သား ၂၄၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဂျပန်ဟွန်ရှူးကျွန်းအနီး ငလျင်လှုပ်

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းအရှေ့ဘက် ကမ်းခြေအနီးတွင် ဧပြီ ၂၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၁၂ မိနစ်တွင် အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိသည့် ငလျင်လှုပ်သွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးစခန်းက သတင်းထုတ်ပြန်သည်။

လှုပ်သွား

ငလျင်ဗဟိုမှာ မြောက်လတ္တီကျူ ၃၉ ဒသမ ၁၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၂ ဒသမ ၈၉ ဒီဂရီအကြား မြေအောက် ၃၈ ဒသမ ၄၀ ကီလိုမီတာအနက်တွင် ဗဟိုပြု လှုပ်သွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)



တရုတ်အနောက်ပိုင်းတွင် ဆီးနှင်းများကျဆင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံအနောက်ပိုင်း စီချွမ်ပြည်နယ်တွင် နှင်းများကျဆင်း၍ ဧပြီ ၂၃ ရက်တွင် ထောင်ပေါင်းများစွာသော ယာဉ်မောင်းများသည် ၎င်းတို့၏ ယာဉ်များအား ဆက်လက်မောင်းနှင်နိုင်ခြင်းမရှိတော့ဘဲ လုံးဝရပ်တန့်ခဲ့ရပြီး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း ဧပြီ ၂၄ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **(ဓာတ်ပုံ)**

စီချွမ်ပြည်နယ်တွင် ကျဆင်းသည့် ဆီးနှင်းထုမှာ စင်တီမီတာ ၆၀ အထက်ရှိပြီး အဝေးပြေးလမ်းမများပေါ်တွင် စင်တီမီတာ ၂၀ခန့်ရှိသည့် ရေခဲလွှာများကိုလည်း တွေ့ရှိရသည်။ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်နေသည့်နေရာသို့ အကူအညီများပေးရန် စစ်သား ၂၀၀ ခန့်အား စေလွှတ်ထားကြောင်းလည်း သိရသည်။ **(အင်တာနက်)**

မက္ကဆီကို အကာပူကိုအပန်းဖြေစခန်း၌ အလှပြင်ဆိုင်မှ အမျိုးသမီးငါးဦး သတ်ဖြတ်ခံရ

မက္ကဆီကိုစီးတီး ဧပြီ ၂၄

မက္ကဆီကိုနိုင်ငံရှိ နာမည်ကျော်အပန်းဖြေစခန်းတစ်ခုဖြစ်သည့် အကာပူကို အပန်းဖြေစခန်း၌ ဧပြီ ၂၃ရက်က အလှပြင်ဆိုင်တွင် အလုပ်လုပ်နေကြသော အမျိုးသမီးငါးဦးအား ရက်စက်စွာ သတ်ဖြတ်သွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ခုတ်လှီး

အသက် ၂၀ကျော် အမျိုးသမီးနှစ်ဦးနှင့် အသက် ၁၄ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးတို့ အဆိုပါ အပန်းဖြေစခန်းရှိ အလှပြင်ခန်းတစ်ခု၌ **(ယာပုံ)** သေဆုံးလျက်တွေ့ရကြောင်း၊ ယင်းတို့သုံးဦးစလုံးအား လည်ပင်းကို ဓားဖြင့် ခုတ်လှီးသတ်ဖြတ်သွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထို့နောက် ရဲတပ်ဖွဲ့က အဆိုပါအပန်းဖြေစခန်း အလှပြင်ခန်းမရှေ့ရှိ လမ်းမပေါ်၌ အခြားအမျိုးသမီးနှစ်ဦးအား လည်မျိုများကို အပိုင်းပိုင်းခုတ်ဖြတ်၍ သတ်ထားသည်ကို တွေ့ရသည်ဟု ဆိုသည်။ အဆိုပါ အကာပူကို အပန်းဖြေစခန်းသည် ၁၉၆၀လွန်နှစ်များက ဟောလိဝုဒ်သရုပ်ဆောင်များ လာရောက်အပန်းဖြေရာဒေသတစ်ခု ဖြစ်ခဲ့သည်။ မကြာသေးမီလများက ၎င်းဒေသတွင် အကြမ်းဖက်မှုများ တိုးတက်များပြားလာခဲ့သည်။ **(အင်တာနက်)**

မာဖီးယားဂိုဏ်းခေါင်းဆောင် အီတလီနိုင်ငံ၌ ဖမ်းဆီးရမိ

ရောမ ဧပြီ ၂၄

အီတလီနိုင်ငံ ပူဂလီယာတောင်ပိုင်း၌ မကောင်းမှုဒုစရိုက်လုပ်ငန်းများ အုပ်စုဖွဲ့လုပ်ကိုင်နေသော မာဖီးယားဂိုဏ်းခေါင်းဆောင်တစ်ဦးအား ဧပြီ ၂၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

အဆိုပါ မာဖီးယားဂိုဏ်းခေါင်းဆောင်မှာ ဖရန်ဆက်ကိုကမ်ပါးနားဆိုသူဖြစ်ပြီး သူ၏အသက်မှာ ၃၈ နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းကို အိုရီယာမြို့ နေအိမ်၌ ဧပြီ ၂၃ ရက် နံနက်ပိုင်းက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မစ္စတာကမ်ပါးနားအား ဖမ်းဆီးရမိခြင်းသည် ယူနိုက်တက်ဆပ်ခရီခရောင်းဟုခေါ်သည့် မာဖီးယားအဖွဲ့၏ အဓိကခေါင်းဆောင်အား ကိုယ်စားပြုဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီး ရောဘတ်တိုမာရိုနီက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❖❖ မိုးမြင့်လင်းလက် ➢ စုစည်းသည် ❖❖

ဖိလစ်ပိုင်ရှိ တာအယ်မီးတောင် ပေါက်ကွဲရန်လှုပ်ရှား

မနီလာ ဧပြီ ၂၄

ဖိလစ်ပိုင်နိုင်ငံရှိ တာအယ်မီးတောင်(အောက်ပုံ)**သည် ပေါက်ကွဲတော့မည့် အနေအထားရှိရာ အနီးပတ်ဝန်းကျင်ဒေသများကို အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကြောင်း ဖိလစ်ပိုင်အရာရှိများက ဧပြီ ၂၄ ရက်၌ ပြောကြားသည်။**

စောင့်ကြည့်

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ ၎င်းမီးတောင်ဝန်းကျင်တွင် ဒေသခံ ၅၀၀၀ အား ရွှေ့ပြောင်းပေးနေပြီး ရုတ်တရက်မီးတောင်ပေါက်ကွဲမှုနှင့် ကြုံတွေ့ရပါက အကူအညီပေးနိုင်ရန် အကူအညီပေးအဖွဲ့များကလည်း အသင့်အနေအထားဖြင့် စောင့်ကြည့်လျက်ရှိသည်။

ယင်းမီးတောင်အနီးဝန်းကျင်တစ်ဝိုက်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ငလျင်ငယ် ၁၉ကြိမ် လှုပ်ခဲ့ပြီးနောက် တာအယ်မီးတောင်လည်း ပေါက်ကွဲမှုဖြစ်ရန်အနေအထားသို့ ရောက်နေသည်။ ယခုအခါ မီးတောင်မှ မီးခိုးနှင့်ဓာတ်ငွေ့များ မှုတ်ထုတ်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ဆော်လမွန်ကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဆော်လမွန် ဧပြီ ၂၄

ဆော်လမွန်ကျွန်းနိုင်ငံတွင် ဧပြီ ၂၃ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၉ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း ယင်းနိုင်ငံအရာရှိများက ဧပြီ ၂၄ ရက်၌ ပြောကြားသည်။

လှုပ်ခဲ့

ငလျင်မှာ ဆော်လမွန်ကျွန်းနိုင်ငံမြို့တော် ဟိုနီရာ၏ အရှေ့တောင်ဘက် ၁၇၁ ကီလိုမီတာအကွာ ရေအောက်ကြမ်းပြင်အနက် ၇၆ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်သည့်အချိန်မှာ ယင်းနေ့ ညနေ ၃ နာရီ ၁၆ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ကြောင့် နေအိမ်အချို့ ပြိုကျခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

(အင်တာနက်)

အင်္ဂါဂြိုဟ်ပေါ်၌ အာကာသယာဉ်မှူးများ ဝတ်ဆင်မည့်အင်္ကျီ စမ်းသပ်

မာရမ်ဘိုင်အို ဧပြီ ၂၄

အင်္ဂါဂြိုဟ်ပေါ်တွင် အာကာသယာဉ်မှူးများ ဝတ်ဆင်နိုင်မည့် အာကာသဝတ်စုံတစ်မျိုးကို အာဂျင်တီးနားနိုင်ငံက တည်ဆောက်ထားသော အန္တာတိကရှိ သုတေသနစခန်းတွင် စမ်းသပ်ဝတ်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း ဧပြီ ၂၄ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အာဂျင်တီးနားနိုင်ငံမှ အင်ဂျင်နီယာပါဘလိုဒီလီရွန်က ၎င်းဝတ်စုံကို ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းဝတ်စုံသည် အပူချိန်နှင့် တစ်နာရီ ၄၇ မိုင်နှုန်းတိုက်ခတ်နိုင်သော လေပြင်းများဒဏ်ကို ခံနိုင်အောင် အထူးပြုလုပ်ထားသည်။

အဆိုပါဝတ်စုံကို သတ္တုနှင့်အခြားပစ္စည်းအမျိုးအစားပေါင်း ၃၅၀ ကျော်ဖြင့် ပြုလုပ်ထားသည်။ အထူးသဖြင့် ကာဗွန်ဖိုင်ဘာအမျှင်နှင့် ပျားအုံများမှ ရရှိသောဓာတ်ပစ္စည်းများဖြင့် ပေါင်းစပ်ပြုလုပ်ထားခြင်း ဖြစ်သည်။

ထိုသို့သော ပစ္စည်းများဖြင့်ပြုလုပ်ထားသဖြင့် အလွန်ပေါ့ပါးပြီး အာကာသယာဉ်မှူးများ ဝတ်ဆင်ရာတွင် အဆင်ပြေမှုဖြစ်ရန် ပြုလုပ်ထားခြင်းဖြစ်ရာ ကုန်ကျစရိတ်မှာ ဝတ်စုံတစ်စုံအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းကျော် ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

တောင်အာရှဒေသ နိုင်ငံများ၏ စီးပွားရေး ခရီးတွင်သင့်သလောက် ဘာကြောင့် မတွင်သနည်း

တိုး ရေးသားသည်

နယူးဒေလီ ဧပြီ ၂၄

ဖွံ့ဖြိုးတိုးတက်ရေးတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးမှာ အရေးအပါဆုံးနှင့် ပဓာနအကျဆုံးဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူဦးရေတိုးနှုန်း တူညီချင်မှ တူညီမည်ဖြစ်သော်လည်း ကမ္ဘာ့လူဦးရေမှာ မှန်မှန်တိုးတက်လျက်ရှိသည်ကား အမှန်ပင်ဖြစ်သည်။ လောလောဆယ်တွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၆၉၁၀ခန့် ရှိလာပြီဖြစ်သည်။ ကမ္ဘာပေါ်၌ လူဦးရေအများဆုံး နိုင်ငံများတွင် ထိပ်ဆုံးမှနေရာယူသည့် နိုင်ငံနှစ်နိုင်ငံမှာ အာရှနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ဖြစ်ကြသည်။

တရုတ်လူဦးရေက သန်း၁၃၀၀ခန့်ရှိပြီး၊ အိန္ဒိယလူဦးရေက သန်း ၁၂၁၀ခန့်ရှိသည်။ အိန္ဒိယလူဦးရေမှာ ၂၀၁၁ခုနှစ် သန်းခေါင်စာရင်းအရ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ၁၈၁ သန်းတိုးကာ လက်ရှိလူဦးရေ သန်း

ဆာအတ်ထိပ်သီး အစည်းအဝေးကျင်းပနေမှုကို ဤသို့ တွေ့ရသည်။

၁၂၁၀ခန့်အထိသို့ ရောက်ရှိလာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ မိန်းကလေးများထက် ယောကျ်ားလေးများ မွေးဖွားမှုကို ပိုမိုအားပေးလျက်ရှိရာ ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ကျားဦးရေက မဦးရေထက် တစ်စတစ်စပိုများလာခဲ့သည်ကိုလည်းသန်းခေါင်စာရင်းအရ တွေ့ရသည်။

ခန့်မှန်းနိုင်

အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးခေတ်သည် အာရှခေတ်ဖြစ်သည်ဟု အဆိုရှိရာ အာရှခေတ်တွင် အိန္ဒိယနှင့် တရုတ်တို့မှာ ဦးဆောင်ကဏ္ဍတွင် ပါဝင်လာကြမည်ကိုလည်း ကြိုတင်ခန့်မှန်းနိုင်ပေသည်။

ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်နိုင်ငံချင်း စွမ်းဆောင်မှုမှာ အရေးပါသကဲ့သို့ အစုအဖွဲ့၊ အသင်းအပင်းများဖွဲ့၍ ဝိုင်းဝန်းကြိုးပမ်းမှုမှာလည်း ချန်လှပ်၍ မရစကောင်းပေ။

စီးပွားရေးအရှိန်မှန်မှန်တိုးတက်နေသည့် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတည်ရှိရာ တောင်အာရှတွင် အသင်းအပင်း အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းထားလျက်ရှိပါသည်။ ယင်းမှာ အခြားမဟုတ် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်)ပင် ဖြစ်သည်။

ဆာအတ်အဖွဲ့တွင် သီရိလင်္ကာ၊ မော်လဒိုက်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အာဖဂန်နစ္စတန်နှင့် ဘူတန်နိုင်ငံတို့ ပါဝင်သည်။ ဆာအတ်အဖွဲ့တွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့လို စီးပွားရေး အင်အားကြီး နျူကလီးယားလက်နက်ပိုင် နိုင်ငံများပါဝင်မှု၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော လူဦးရေများပြားသည့် နိုင်ငံများပါဝင်မှုအပြင် အဆိုပါဒေသသည် ယဉ်ကျေးမှုအစဥ်အလာ ကြီးမားသည့် ဒေသဖြစ်ခြင်းတို့မှာ ဆာအတ်အဖွဲ့၏ထူးခြားသောအားသာချက်များဖြစ်ကြောင်း သိသာသည်။

ထို့အပြင် လူဦးရေများပြားသလောက်၊ တည်တည်ငြိမ်ငြိမ်ရှိအောင် ထိန်းသိမ်းထားနိုင်သည့် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီး ဖြစ်သည့် အိန္ဒိယနိုင်ငံက စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နိုင်မှုက ဤအဖွဲ့၏ အားသာချက်များတွင် အချုပ်ပေါ် သကာလောင်းသကဲ့သို့ ရှိနေသည်။

မှီတင်းနေထိုင်

တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်)သည် ကမ္ဘာ့လူဦးရေ၏ ၂၃ ရာခိုင်နှုန်းသော ပြည်သူများမှီတင်းနေထိုင်သည့် ဒေသဖြစ်သည်။

သို့သော် ဆာအတ်အဖွဲ့၏ ဂျီဒီပီက တစ်ကမ္ဘာလုံး၏ ဂျီဒီပီတွင် သုံးရာခိုင်နှုန်းပင်ပြည့်အောင်ပါဝင်ခြင်းမရှိပေ။ ယင်းအချက်မှာအားနည်းချက်ပင်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်းကို ဖော်ပြလျက်ရှိခြင်းပင် ဖြစ်သည်။ မျက်မှောက်ခေတ်တွင် နိုင်ငံတကာ ကုန်သွယ်ရေးအတွင်း မပါဝင်ဘဲ မည်သည့်နိုင်ငံမျှ နေ၍ မဖြစ်ပေ။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်ရေးသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

တွေ့နိုင်

ဆာအတ်အဖွဲ့သည်ကုန်သွယ်ရေး ကဏ္ဍတွင် နောက်ကျကျန်ရစ်နေသည်ဟု ဆိုရမည်။ ဒေသတွင်း အဖွဲ့ဝင်ရှစ်နိုင်ငံ၏ ကုန်သွယ်ရေးစုစုပေါင်းပမာဏသည် ကမ္ဘာ့ကုန်သွယ်ရေး၏ နှစ်ရာခိုင်နှုန်းမျှသာရှိသည်။ အာရှတိုက်တစ်ခုလုံး၏ ကုန်သွယ်ရေးတွင်လည်း တောင်အာရှဒေသနိုင်ငံများမှာ ပို့ကုန် ၄ ဒသမ ၇ရာခိုင်နှုန်းနှင့် သွင်းကုန် ၇ ဒသမ ၅ ရာခိုင်နှုန်းသာ ပါဝင်ကြောင်း တွေ့ရသည်။

ဆာအတ်အဖွဲ့တွင်း ကုန်သွယ်ရေး ပမာဏမှာလည်း ဒေသတွင်း စုစုပေါင်း ကုန်သွယ်ရေးပမာဏ၏ ၅ ရာခိုင်နှုန်းပင် မပြည့်သည်ကို တွေ့နိုင်သည်။

ပါဝင်

ဤနေရာတွင် ဆာအတ်အဖွဲ့ကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ယှဉ်ကြည့်လျှင် ဆာအတ်၏ဆောင်ရွက်မှုမှာအားမရအောင်ဖြစ်သည်။ အာဆီယံအသင်းဝင်နိုင်ငံများ၏ စုစုပေါင်း လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၈ ဒသမ ၄ ရာခိုင်နှုန်းသာရှိသော်လည်း အာဆီယံ ကုန်သွယ်ရေးသည် ကမ္ဘာ့ကုန်သွယ်ရေး ပမာဏ၏ ၇ ရာခိုင်နှုန်းအထိ ပါဝင်သည်။ အာဆီယံက အာရှ စုစုပေါင်း ကုန်သွယ်ရေးပမာဏ၏ ၂၃ ရာခိုင်နှုန်းပါဝင်သည်။ ထို့အပြင် အာဆီယံအတွင်းကုန်သွယ်ရေးမှာ ကမ္ဘာ့ကုန်သွယ်ရေး၏ ၃၀ ရာခိုင်နှုန်းရှိသည်။

ကြိုးပမ်းဆောင်ရွက်

ဆာအတ်အဖွဲ့၏အားနည်းသော ကုန်သွယ်ရေးပမာဏတွင် အဓိက ပြုပြင် ကြိုးပမ်းဆောင်ရွက်ရမည့် အကြောင်းရင်းတစ်ရပ်မှာ အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ပေးရေးပင် ဖြစ်သည်။

ပိုမိုတိုးတက်

အာရှတောင်ပိုင်းတွင် စာမတတ်မှု၊ ဆင်းရဲမှုနှင့် အဂတိလိုက်စားမှုစသည့် အားနည်းချက်ကို လျှော့နည်းပပျောက်စေရန်လည်း ကြိုးပမ်းရမည်ဖြစ်ပြီး အိန္ဒိယနှင့် ပါကစ္စတန်တို့၏ကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်သည်နှင့်အမျှ တောင်အာရှ၏ စီးပွားရေးမှာ ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဆာအတ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်း၌ ကုန်စည်များတင်ပို့နေမှုကို တွေ့ရစဉ်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် - စုစည်းသည်

အာဂျင်တီးနား၌ ရထားလမ်းချော်တိမ်းမှောက် အနည်းဆုံး လူ ၂၀ကျော် ဒဏ်ရာရရှိ

ချူဘတ် (အာဂျင်တီးနား) ဧပြီ ၂၄

အာဂျင်တီးနားနိုင်ငံ ချူဘတ်ပြည်နယ် အီစကွီးမြို့အနီး၌ ခရီးသည်တင်ရထားတစ်စင်း ဧပြီ ၂၃ ရက်က လမ်းချော်တိမ်းမှောက်သွားခဲ့ရာ အနည်းဆုံး လူ ၂၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ရထားသည် အရှိန်ဖြင့်ခုတ်မောင်းနေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းချော်တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း အာဂျင်တီးနား မီးရထားတာဝန်ရှိသူများက ပြောကြားသည်။(အောက်ပုံ) *အမ်အင်န်အေ၊ဆင်ဟွာ*

သီရိလင်္ကာနိုင်ငံတောင်ဘက်ပိုင်း၌ မီးလောင် ဈေးဆိုင် ၁၀ ဆိုင်ဆုံးရှုံး

ကိုလံဘို ဧပြီ ၂၄

သီရိလင်္ကာတောင်ဘက်စွန်းပိုင်းရှိ ကျေးလက်တောမြို့ တီဆာမာဟာရာမာတွင် ဧပြီ ၂၄ ရက်က မီးလောင်မှုဖြစ်ပွားရာ ဈေးဆိုင် ၁၀ ဆိုင် မီးလောင်ကျွမ်းခဲ့ကြောင်း နယ်မြေရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဈေးဆိုင်တန်း၌လောင်နေသည့် မီးကို မီးသတ်သမားများက ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဈေးဆိုင် ၁၀ဆိုင်မှာ မီးလောင်ကျွမ်းသွားခဲ့ကြောင်း ပြောကြားသည်။

မီးလောင်သည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုသတင်း မကြားသိရသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **အမ်အန်င်အေ၊ဆင်ဟွာ**

မက္ကဆီကို၌ ခရီးသည်တင်ကားသုံးစီး လက်နက်ကိုင်များတိုက်ခိုက်

မက္ကဆီကိုစီးတီး ဧပြီ ၂၄

မက္ကဆီကိုနိုင်ငံတွင် ဧပြီ ၂၃ရက် နံနက်က ခရီးသည်တင်ကားများကို လက်နက်ကိုင်များ တိုက်ခိုက်ခဲ့သဖြင့် ခရီးသည်သုံးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း မက္ကဆီကိုအရှေ့မြောက်ပိုင်း တယ်မျူလီပါပြည်နယ် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ခရီးသည်တင်ကားသုံးစီးသည် တယ်မျူလီပါပြည်နယ်ကို ဖြတ်သန်းမောင်းလာခဲ့ရာ ကားနှစ်စီးမှာ မွန်တာရယ်မြို့သို့ဦးတည်သွားနေသည့်ကားများဖြစ်ပြီး ကျန်တစ်စီးမှာ နယ်စပ်မြို့ မြူဗိုလာရီဒိုသို့သွားမည့်ကားဖြစ်သည်။

ခရီးသည်တင်ယာဉ်များသည် ဟီဒါဂိုမြို့ စည်ပင်နယ်မြေအတွင်း နံနက် ၅ နာရီခန့်တွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူ သုံးဦးအနက် တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိကြောင်း အဆိုပါရဲအရာရှိက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် ရိုးရာပွဲတော် ကျင်းပသည့် ရက်သတ္တပတ်အားလပ်ရက်ကာလများတွင် နိုင်ငံသားများ ဆွေမျိုးမိတ်ဆွေများထံ အလည်အပတ်သွားရောက်သည့် ခရီးတွင် ယခုကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

(အင်တာနက်)

ဧပြီ ၂၄ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၁၂ ဒသမ ၂၉
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၄၁
၃။	ရွှေ	တစ်အောင်စ	၁၅၀၇ ဒသမ ၇၀
၄။	ငွေ	တစ်အောင်စ	၄၆ ဒသမ ၇၂
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၄၀
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၂၅ ဒသမ ၀၀

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ၆၆ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်

နေပြည်တော် ဧပြီ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပစ္စည်းသိုလှောင်ရုံသို့ရောက်ရှိပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ သိုလှောင်ရုံများ၌ ထိန်းသိမ်းထားရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းပစ္စည်းများ၊ လျှပ်စစ်မီတာများ၊ ရုံးသုံးပရိဘောဂများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ၆၆/၁၁ ကေဗွီ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခွဲရုံမှာ ယခင်က ၃၃ ကေဗွီ ဓာတ်အားခွဲရုံဖြစ်ရာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံအဖြစ် တိုးချဲ့တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဏ္ဏားကျွန်းမြို့ အထက ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ပုဏ္ဏားကျွန်း ဧပြီ ၂၄

စစ်တွေခရိုင် ပုဏ္ဏားကျွန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပုဏ္ဏားကျွန်း အထက တန်ခိုးဆရာထွန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးရောက်ရှိနေသော အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးသန်းထွန်း ဖုန်း-၀၉-၅၀၅၂၈၂၄၊ ဦးစံကျော်လှ ဖုန်း-၀၉-၈၅၀၀၈၆၁ နှင့် ဦးမောင်ဘစိန် ဖုန်း-၀၉-၈၅၀၃၂၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

* *ကျောဖုံးမှ*

မေး။ ။ ဘီပိုးဟာ ဘယ်အရွယ်လောက်မှာ ကူးစက်ခံရပြီး ဘီပိုးပြန့်ပွားမှုက ဘယ်နှုန်းလောက်ရှိတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ဘီပိုးဟာ အရွယ်မရွေး ကူးစက်တာပါ။ မွေးကင်းစမှ အသက်အရွယ်ကြီးရင့်သူတွေအထိပါပဲ။ ဘီပိုး ပြန့်ပွားမှုကတော့ တစ်နေ့ကို ဘီပိုးကောင်ရေ ၁၀၀ ဘီလီယံခန့်အထိ ရှိပါတယ်။ ဘီပိုး ပြန့်ပွားမှုနှုန်းများတယ်လို့ ဆိုရမှာပါ။

မေး။ ။ ဘီပိုးကူးစက်ခံရသူအတွက် စိုးရိမ်စရာကောင်းပြီး ကြောက်စရာလည်း ကောင်းတာပေါ့နော်။

ဖြေ။ ။ ဘီပိုးကူးစက်ခံရတိုင်း ကြောက်စရာမလိုပါဘူး၊ ဘီပိုးရှိသူတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ကျန်းမာစွာနဲ့ ဘီပိုးကို သယ်ဆောင်နိုင်ပါတယ်။ ၂၀ ရာခိုင်နှုန်းလောက်က နာတာရှည် အသည်းရောဂါဖြစ်ပြီး ကုသရမှာဖြစ်တယ်။ အဲဒါက လူကြီးတွေမှာပါ။ ကလေးငယ်တွေမှာ ဘီပိုးကူးစက်ခံရရင်တော့ ၈၀ ရာခိုင်နှုန်းလောက်က နာတာရှည် အသည်းရောဂါဖြစ်ပြီး ၂၀ ရာခိုင်နှုန်းလောက်က ကျန်းမာစွာနဲ့ ဘီပိုးသယ်ဆောင်ထားနိုင်သူတွေ ဖြစ်ပါတယ်။

မေး။ ။ ဘီပိုးကို ကျန်းမာစွာနဲ့ သယ်ဆောင်နိုင်သူနဲ့ နာတာရှည်အသည်းရောဂါဖြစ်ပွားနိုင်သူတွေကို ဘယ်လိုခွဲခြားမလဲ ဆိုတာလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ဘီပိုးရှိမရှိ စစ်ဆေးကြည့်ရမယ်။ သေချာအောင် စစ်ဆေးကြည့်ရမှာပါ။ ဘီပိုးရှိပြီဆိုရင် ဘီပိုးကောင်ရေ ဘယ်လောက်အထိရှိနေပြီလဲဆိုတာ ခွဲခြားစစ်ဆေးရမယ်။ ဘီပိုး အရေအတွက်များနေရင် အသည်းပျက်စီးနိုင်တဲ့အတွက် ကုသမှုခံယူရမှာပါ။

မေး။ ။ ဘီပိုးရှိပြီဆိုလျှင် ကုသလို့မရတော့ဘူးလို့ ပြောနေကြတာ ဟုတ်ပါသလား။

ဖြေ။ ။ မှားတာပေါ့။ ဘီပိုးကို ကုသလို့မရဘူးလို့ပြောတာ မှားပါတယ်။ ကုသလို့ရပါတယ်။ ဘီပိုးရှိတဲ့သူတွေကို ကုသဖို့ မြန်မာနိုင်ငံမှာကို ဆေးရှိနေပါပြီ။ စက်မှု(၁)ကထုတ်တဲ့ ဆေးပါပဲ။ တဆေးကနေပြီး ထုတ်ထားတာဖြစ်ပါတယ်။ ထိုးဆေးနဲ့ သောက်ဆေး နှစ်မျိုးစလုံးရှိတယ်။ အဲဒီဆေးတွေကို ဈေးနှုန်းချိုသာစွာနဲ့ သုံးစွဲကုသလို့ရပါတယ်။ ထိုးဆေး အသုံးပြုရင် တစ်နှစ်လောက်ထိုးရမယ်။ သောက်ဆေးဆိုရင် သုံးနှစ်လောက် သောက်ရမှာပေါ့။

မေး။ ။ ဒါဆိုရင် ဘီပိုးမဝင်အောင် ကာကွယ်ဆေးထိုးတာ အကောင်းဆုံးလို့ ဆိုရမှာပေါ့ ဆရာကြီး။

ဖြေ။ ။ မှန်ပါတယ်။ မွေးပြီး ၂၄ နာရီမှာ ဆေးတစ်လုံးထိုး၊ နောက်တစ်လပြည့်ရင် တစ်လုံးထိုး၊ ပြီးရင် ခြောက်လပြည့်ရင် ဆေးတစ်လုံး ထပ်ထိုးပေါ့။ အဲဒီလို ကာကွယ်ဆေးထိုးထားရင် ငါးနှစ်အထိ ကာကွယ်နိုင်ပါတယ်။ လူကြီးတွေမှာလည်း ဘီပိုးစစ်ကြည့်ပြီး မရှိရင် ကာကွယ်ဆေးထိုးထားသင့်တာပေါ့။ ကလေးငယ်တွေမှာ ဘီပိုးကာကွယ်ဆေးမထိုးထားရင် ဘီပိုးဝင်ပြီး အကောင်ရေများပြားလာလို့ အသက် ၂၅ နှစ် အရွယ်လောက်မှာပဲ အသည်းရောဂါဖြစ်ပွားနိုင်ပါတယ်။

မေး။ ။ စနစ်တကျ စစ်ဆေးကုသရင် ဘီပိုးပျောက်ကင်းနိုင်တာပေါ့နော်။

ဖြေ။ ။ မှန်ကန်တဲ့ စစ်ဆေးမှု၊ ထိရောက်တဲ့ ကုသမှုနဲ့ဆိုရင် ဘီပိုးကို ကုသနိုင်ပါတယ်။ ထိတ်လန့်ကြောက်ရွံ့စရာ မလိုပါဘူး။ အကောင်းဆုံးကတော့ ဘီပိုးမဝင်နိုင်အောင် ကာကွယ်ဆေးထိုးပြီး သတိပြုဆင်ခြင်နေထိုင်ကြဖို့ ဖြစ်ပါတယ် ဟု အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ဖြေကြားသွားပါကြောင်း။ ။ ***(မြန်မာ့အလင်း)***

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်ပန်းခြံအတွင်း ရေပန်းနှင့်မြေယာရှုခင်း ပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၉ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်မော်မော်ဦးတို့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေကြီး မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ဒက္ခိဏသီရိနှင့် ဇေယျာသီရိမြို့နယ်များ၌ ကွင်းဆင်းစစ်ဆေး

လယ်ဝေး ဧပြီ ၂၄

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စာရင်းအင်း) ဦးအေးမောင်စိန်သည် နေပြည်တော်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုး၊ လယ်ဝေးမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်တို့နှင့်အတူ ဧပြီ ၂၁ ရက်က ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၁၄၊ ၁၈၁၅)တို့တွင် မြေကြီး မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကူနစ်လုံးဆည်စုအုပ်စု ကွင်းအမှတ်(၁၈၆၄)နှင့် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၀၈၊၁၆၀၉)တို့တွင်လည်း ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာလေမြို့ ငလျင်လှုပ်ခတ်မှုကြောင့် ရေထွက်များ ပြောင်းလဲ

တာချီလိတ် ဧပြီ ၂၄

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့၌ မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အချို့ကျေးရွာဒေသများတွင် ရေထွက်များ ပြောင်းလဲမှုရှိခဲ့သည်။ တာလေမြို့နယ် ပူဟိုမိန်းကျေးရွာနှင့် ကျကူနီကျေးရွာကြားတစ်နေရာတွင် ယခင်နှစ်နှစ်ခန့်က ရေမရရှိသဖြင့် လယ်မြေများ စပါးစိုက်ပျိုးနိုင်ခြင်းမရှိခဲ့ပေ။ ငလျင်လှုပ်ခတ်ပြီးနောက် ယင်းနေရာတွင် ရေထွက်များဖြစ်ပေါ်နေပြီး ဧပြီ ၁၈ ရက်က မော်တော်ယာဉ်တစ်စီး နစ်မြုပ်ခဲ့သည်။ **(အောက်ပုံ)**

တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု ပါနောက်(ရွာဟောင်း)သည် ယခင်က ကျေးရွာရေရရှိရေးအတွက် တစ်ဖက်တောင်ကြောမှ ရေများ သွယ်ယူသုံးစွဲခဲ့သည်။ သို့သော် ငလျင်လှုပ်ခတ်ပြီးနောက် ရေလှောင်ကန်ကိုစစ်ဆေးရာ ရေမလာတော့သည်ကို တွေ့ရှိရသည်။ အဖြေမှန်သိရှိရန် ရေသွယ်တန်းရာတောင်ကြောသို့ သွားရောက်ကြည့်ရှုရာ ရေထွက်တွင် ရေများ ခန်းခြောက်နေသည်ကို တွေ့ရှိရသည်။ ယင်းနေရာတွင် အနက်သုံးပေလောက် တူးကြည့်သော်လည်း ရေများထွက်ရှိခြင်းမရှိသည်ကို တွေ့ရသည်။ အဆိုပါကျေးရွာ၌ရေရရှိရေး ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီ ရုပ်မြင်သံကြား

၂၅-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ လျှပ်တစ်ပြက်
၄း၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄း၅၅ ၁၀။ သတိနှင့်တိုးမည့် ပိုးဖလံများ
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၃၅)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk of the Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း -၁၃)
၂၆။ **Miniseries**

မြန်မာမှုအနုပညာပစ္စည်းများ နိုင်ငံခြားသားတို့ စိတ်ဝင်တစားဝယ်ယူ

ရန်ကုန် ဧပြီ ၂၄

သင်္ကြန်ရက်များအပြီး ယခုရက်ပိုင်းတွင် ရန်ကုန်မြို့လယ် ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးအတွင်း နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ ပိုမိုရောက်ရှိပြီး မြန်မာနိုင်ငံ၏ဒေသထွက်ကုန်ပစ္စည်းများကို ဝယ်ယူလျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် နိုင်ငံခြားသားများ မြန်မာမှုအထည်၊ ရိုးရာပစ္စည်း၊ ရှေးဟောင်းပစ္စည်း၊ ကျောက်စီပန်းချီကားများကို ပိုမိုစိတ်ဝင်စားကြသည်။ ဈေးအတွင်း၌ အစုလိုက်သော်လည်းကောင်း၊ တစ်ယောက်ချင်းသော်လည်းကောင်း၊ ဇနီးမောင်နှံနှစ်ဦးတည်းသော်လည်းကောင်း ***(ယာပုံ)*** *လာရောက်ကြပြီး မြန်မာ့ရိုးရာအနုပညာယွန်းထည်ပစ္စည်းများကို ပိုမိုဝယ်ယူကြကြောင်း တွေ့ရသည်။*

ယခုရက်ပိုင်းအတွင်း ပြင်သစ်၊ ထိုင်း၊ တရုတ်နိုင်ငံသားများ အဝင်များကြကြောင်း လေ့လာတွေ့ရှိရသည်။ ***(ဝ၄၂)***

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၄

လပွတ္တာခရိုင် ပြင်စလူမြို့နယ် ပြင်အလန်းကျေးရွာအုပ်စု ပိုးလောင်းတိုက်နယ်ကျေးရွာ တက်နေဝန်းစာကြည့်တိုက်သို့ ဧပြီ ၆ ရက်က လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က စာအုပ်စာစောင်များလှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

အလင်းရောင်စာကြည့်တိုက် ချောက်မြို့နယ်၌ဖွင့်

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် ငွေချိုကျေးရွာအုပ်စု တော်နောက်ကျေးရွာ၌ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဌေးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြေနေရာအလှူရှင် ဦးညဏ်ထွန်း-ဒေါ်ခင်စန်းနွဲ့မိသားစုအား ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီးနောက် ဦးဖေဒါ-ဒေါ်ပြုံးမိသားစုနှင့် ကျေးရွာပြည်သူများက ပရိဘောဂများ၊ ရှားပင်ကျေးရွာမှ ဦးညွန့်ကြည်-ဒေါ်ဝင်းမြမိသားစု၊ ကျောက်ပန်းတောင်းမြို့မှ ဦးလင်းကြည်-ဒေါ်စိုးစိုးအေး၊ ထိန်ကန်ကျေးရွာမှ ဦးမောင်ကောင်း၊ ငွေချိုရဲစခန်းမှူး ဒုတိယရဲအုပ်မြင့်ဇော်တို့က ဂျာနယ်မျိုးစုံနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဓာတိမာန်စာကြည့်တိုက် မိုင်းယောင်းမြို့နယ်၌ဖွင့်

မိုင်းယောင်းမြို့နယ် ပုံချိုဝေးကျေးရွာ ဓာတိမာန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှောလမွန်နှင့် မုန်းလိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအိုက်သင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပုံချိုဝေးကျေးရွာရှိ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းဆတ်တွင် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု နောင်ဖာကျေးရွာတွင် လမ်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ စေတနာရှင်ပြည်သူများကလှူဒါန်းသည့် ငွေကျပ် ၁၄သိန်းကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးလှဌေးက လက်ခံယူသည်။ ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက သတင်းစာခြောက်လစာအတွက် အလှူငွေကျပ် ၁၂၀၀၀ကိုလည်းကောင်း၊ သုတရသစာအုပ် ၁၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းကြည်အေးကလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရေဒီယိုတစ်လုံးကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်စိုး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်းတာဝန်ခံ ဦးလှမျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းတို့က စာအုပ်စာစောင်များနှင့်အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးယောနနှင့် စာကြည့်တိုက်မှူး ဦးစိန်လှတို့က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကြို့ပင်ကောက်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဧပြီ ၄ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ကွင်းဆင်းစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ် မြို့မဈေးအတွင်း မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်း၍ မီးသတ်သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၆ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၂ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကော့ကရိတ်မြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဗိုလ်ချုပ်လမ်းရှိ မြို့မဈေးရှေ့တွင် ဧပြီ ၇ရက်က သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်)၌ မတ် ၂၃ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စက်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသကြစဉ်။

(သတင်းစဉ်)

နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖြည့်ဆည်းထောက်ကူပံ့ပိုးပေးနိုင်မည့် အ

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြသည်ဖြစ်ရာ ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း အများနည်းတူ ဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်သာဖြစ်သည်။ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် **“အမိနိုင်ငံတော်ကြီး အစဉ်အမြဲတိုးတက်အောင်မြင် ဖြစ်ထွန်းစေရမည်”** ဟူသည့် ဥပဒေသကို အမြဲလိုက်နာ အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၌ တပ်ဆင်ထားသော စက်များကို တွေ့ရစဉ်။

ယနေ့ဖွဲ့စည်းဖြစ်ပေါ်လာသည့် အစိုးရအဖွဲ့သစ်အနေဖြင့်လည်း ယင်းဥပဒေသကို လက်ခံကိုင်စွဲပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘဝများကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်ကို အားရဝမ်းမြောက်စွာ သုံးသပ်တွေ့ရှိရပါသည်။

ကျွန်တော်တို့နိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတများ ပေါကြွယ်ပြည့်စုံပါလျက်နှင့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။ ထို့ကြောင့် **ကျွန်တော်တို့အနေဖြင့် ပိုင်ဆိုင်ပြီးသား လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းသစ်ပြည်သစ်ကို အရှိန်အဟုန်ပြင်းပြင်းနှင့် တည်ဆောက်ဖော်ဆောင်သွားကြရပေမည်။ သူများခြေလှမ်းတစ်လှမ်း လှမ်းချိန်တွင် ကျွန်တော်တို့က ဆယ်လှမ်းလောက် လှမ်းနိုင်အောင် ကြိုးစားကြရပေမည်။ အရှိန်အဟုန်မြှင့် ကြိုးပမ်းတည်ဆောက်ဖော်ဆောင်နိုင်မှသာ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်ဘဝ မြန်မြန်ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်ဖြစ်ပေသည်။**

ထို့ကြောင့်လည်း ယနေ့အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ် သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်သည်။ ဖော်ပြပါ စီမံကိန်းလုပ်ငန်းကြီးများ မြန်မြန်ပြီးမြောက်အောင်မြင်သည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်များကို အချိန်တိုအတွင်း ကိုယ်စီကိုယ်င ခံစားပိုင်ခွင့်ရရှိကြပေတော့မည်။

ပြီးခဲ့သည့် ဧပြီလ ၂၂ ရက်နေ့က အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေး သတင်းကြောင့် ကျွန်တော်တို့ပြည်သူအားလုံး အမှန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ယနေ့အချိန်တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု **အညွှန်းကိန်းများမှာ အတက်ဘက်ဆီသို့သာဦးတည်ပြီး အဘက်ဘက်မှ တိုးတက်အောင်မြင်လျက်ရှိသည်။ ထိုသို့ တစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး လိုအပ်ချက်ဟူသမျှ မြူမျှမကျန်ရလေအောင် စီမံဆောင်ရွက်လျက်ရှိရာတွင် ၎င်းအထူးစီမံကိန်းလုပ်ငန်းကြီးများသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေ ဆောင်ရွက်ကြရသည့် အချို့သောဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ မဟာဗျူဟာလမ်းကွန်ရက်များဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်း စသော မဟာဗျူဟာလမ်းများသည် ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်ပြီး အချိန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးများဖြစ်သည့်အတွက် ယခုကဲ့သို့ အထူးစီမံကိန်းကြီးများစာရင်းတွင် ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရအဆင့်မှ စီမံလုပ်ကိုင်ဆောင်ရွက်သွားရမည်သာ ဖြစ်ပေသည်။

အထူးစီမံကိန်းကြီးများသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုမည့် စီမံကိန်းကြီးများပင်ဖြစ်ရာ စီမံကိန်းတိုင်းသည် အနာဂတ်နိုင်ငံတော်သစ်အတွက် ဝိုင်းဝန်းပံ့ပိုးထောက်ကူမြှင့်တင်ပေးကြမည့် အဓိကထောက်တိုင်များပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ယခုအထူးစီမံကိန်းကြီးများ အောင်မြင်သည်ထက် အောင်မြင်အောင် ကျွန်တော်တို့ပြည်သူအားလုံးက အစိုးရအဖွဲ့သစ်နှင့်အတူ လက်တွဲဝိုင်းဝန်း ကြိုးပမ်းစွမ်းဆောင်ကြရမည်သာ ဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ဘယ်ခေတ်ဘယ်ကာလနှင့်မျှမတူအောင် တိုးပွားတည်ဆောက် ဖြစ်ထွန်းလာခဲ့သည့်အတွက် မြန်ပြည်အနှံ့ အရှေ့အနောက် တောင်မြောက်မကျန် အပြန်အလှန် ကူးလူးဆက်သွယ် ယှက်နွယ်ဖြတ်သန်း အရောက်လှမ်းနိုင်ခဲ့ကြပြီ ဖြစ်သည်။ **ယခင် ၁၉၈၈ ခုနှစ်က မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင်၊ လမ်းအရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ လမ်းများကို ကွန်ရက်သဖွယ် ယှက်နွယ်ဖောက်လုပ်ပေးခဲ့မှုကြောင့် ယခုအခါ မြေသားနှင့် ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်း ၁၀၃၄၃ မိုင်၊ လမ်းအရှည်စုစုပေါင်း ၂၁၃၆၁ မိုင် ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ ၁၈၀ အောက် တံတားအစင်း ၆၆၂၀ နှင့် ပေ ၁၈၀ အထက် တံတား ၄၆၃ စင်းအထိ ရှိလာခဲ့ပြီဖြစ်ရာ လမ်းတံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာသည်ကို သုံးသပ်တွေ့ရှိနိုင်ပေသည်။**

ယခုနှစ် အစည်းအဝေးသတင်းများအရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်း ၁၉ ခုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းစီမံကိန်း ၁၉ ခုမှာ ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း၊ စစ်ကိုင်း-ရှမ္မကား-မြစ်ကြီးနားလမ်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း၊ ကနီ- မင်းကင်း-တောင်တွင်းချောင်းလမ်း၊ မလွန်-စစ္စနိုး-ရေနံမ-ကန်တုန်လမ်း၊ မြေပုံ-ကံသာ-ကပိုင်လမ်းသစ်၊ ဗန္ဓုလ-မောင်တော-အငူမော်လမ်း၊ မိုင်းနောင်-မိုင်းစံ(မုံးဆန်း)လမ်းသစ်၊ ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်းများ ဖောက်လုပ်ခြင်း၊ မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်ခြင်း၊ လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင် မြစ်ကူးတံတားတည်ဆောက်ခြင်း၊ နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်)တည်ဆောက်ခြင်း၊ ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတား တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်းတည်ဆောက်ခြင်း၊ မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း)တံတား တည်ဆောက်ခြင်းတို့ဖြစ်သည်။ ၎င်းလမ်းတံတားစီမံကိန်းအသစ်များမှာ ပြည်ထောင်စုကြီး၏ ဒေသအနှံ့ကို ကိုယ်စားပြုလျက်ရှိရာ ဒေသအတွက်ရော တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ပါ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့လွယ်ကူလာစေပြီး အနာဂတ်ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်တော့မည်မှာ မုချဧကန်ပင် ဖြစ်ပေသည်။

ရောဝတီတံတား(ပခုက္ကူ)

ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ပင်မရေလယ်တံတားတိုင်များ တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေး
အဓိကစီမံကိန်းနှစ်ခု ဖော်ဆောင်သွားမည်ဖြ
လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ လူမှု
တိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ေ
ဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌
ရန် ရည်ရွယ်၍ နှစ်စဉ် တယ်လီဖုန်းဆက်သ
တပ်ဆင်ပေးလျက်ရှိရာ ယခုအခါတွင် တ
သိပ်သည်းဆ (Telephone Density)
တိုးတက်လာခဲ့ပြီဖြစ်သည်။ ဆက်လက်၍ ေ
တိုးတက်လာစေရေးအတွက် စီမံကိန်းကာ
မိုဘိုင်းလ်ဖုန်း လိုင်းအင်အား သန်း ၃၀ အထ
ဖြစ်ရာ နိုင်ငံနှင့်ပြည်သူအတွက် နှစ်ထောင်
ကောင်းပင်ဖြစ်သည်။ စီမံကိန်း ငါးနှစ်ပြီးမြေ
တယ်လီဖုန်းသိပ်သည်းဆသည် ၅၀ ဒသမ ၆
လာတော့မည်ဖြစ်သည်။
ထို့ပြင် ဆက်သွယ်ရေးနှင့် ပြန်ကြားေ
မြှင့်တင်နိုင်ရန်နှင့် အာကာသနည်းပညာဆိုင်
ရည်ရွယ်လျက် နိုင်ငံတော်ပိုင် ဆက်သွယ
လွှတ်တင်နိုင်ရေး ဆောင်ရွက်တော့မည်ဖြစ်
ရေးနှင့် ပြန်ကြားရေးကဏ္ဍ စွမ်းဆောင်ရည်မြ
အားတက်မိပေသည်။
နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(
ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

...ပံ့ပိုးပေးနိုင်မည့် အထူးစီမံကိန်းကြီးများ (၁)

ကျော်ရှိမင်း

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် အဓိကစီမံကိန်းနှစ်ခု ဖော်ဆောင်သွားမည်ဖြစ်သည်။ **ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ဒေသအုပ်ချုပ်ရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ ဆက်သွယ်မှုလွယ်ကူစေရန် ရည်ရွယ်၍ နှစ်စဉ် တယ်လီဖုန်းဆက်သွယ်မှုလုပ်ငန်းကို တိုးချဲ့တပ်ဆင်ပေးလျက်ရှိရာ ယခုအခါတွင် တစ်နိုင်ငံလုံး တယ်လီဖုန်းသိပ်သည်းဆ (Telephone Density) မှာ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ဆက်လက်၍ တယ်လီဖုန်းသိပ်သည်းဆ တိုးတက်လာစေရေးအတွက် စီမံကိန်းကာလ ငါးနှစ်တွင်း GSM မိုဘိုင်းလ်ဖုန်း လိုင်းအင်အား သန်း ၃၀ အထိ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ရာ နိုင်ငံနှင့်ပြည်သူအတွက် နှစ်ထောင်းအားရဖြစ်ဖွယ် သတင်းကောင်းပင်ဖြစ်သည်။ စီမံကိန်း ငါးနှစ်ပြီးမြောက်ချိန်တွင် မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆသည် ၅၀ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာတော့မည်ဖြစ်သည်။**

ထို့ပြင် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်နှင့် အာကာသနည်းပညာဆိုင်ရာများ ရရှိပြန့်ပွားစေရန် ရည်ရွယ်လျက် နိုင်ငံတော်ပိုင် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လွှတ်တင်နိုင်ရေး ဆောင်ရွက်တော့မည်ဖြစ်ရာ အနာဂတ်ဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍ စွမ်းဆောင်ရည်မြင့်မားမှုအတွက် အထူးပင် အားတက်မိပေသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် **"စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"**ဟူ၍ ချမှတ်ဖော်ဆောင်လျက်ရှိရာ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး ရည်မှန်းချက်သည် အစဉ်တစိုက် အလေးထား ကြိုးပမ်းဖော်ဆောင်သွားရမည့် အဓိကလုပ်ငန်းစဉ်ပင် ဖြစ်ပေသည်။ နိုင်ငံတော်အနေဖြင့် ရေရှည်အတွက် တကယ့်စက်မှုနိုင်ငံကြီးအဆင့် မျှော်မှန်း၍ တည်ဆောက်ဖော်ဆောင်သွားရမည်ဖြစ်ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနကတင်ပြသည့် အထူးစီမံကိန်းကြီးများမှာ ယင်းမျှော်မှန်းချက်အတွက် အထူးအရေးပါသော ခြေလှမ်းသစ်များပင် ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ အစိတ်အပိုင်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် အခြေအနေမှ ထုတ်ကုန်ပစ္စည်းပုံစံအမျိုးမျိုးအတွက် ပြည်တွင်း၌ အမြန်တိုးမြှင့်ထုတ်လုပ်သွားရန်လိုအပ်သည့်ပုံကို စနစ်တကျပုံစံချ၍ ပုံသွင်းထုတ်လုပ်ပေးနိုင်သည့် Automobile Mould & Die, Jigs & Fixture များအား တစ်နှစ်လျှင် အစုံ ၁၀၀၀ ထုတ်လုပ်မည့် စီမံကိန်း၊ လူစီးမော်တော်ယာဉ်အမျိုးမျိုးနှင့် ကုန်တင်ယာဉ်အမျိုးမျိုးတို့ဖြစ်သည့် Light Truck, Medium Truck, Super Heavy Truck နှင့် Commercial Vehicle တို့၏ Axle အမျိုးမျိုးကို တစ်နှစ်လျှင် အစုံ ၁၀၀၀၀ နှင့် ၄င်းတို့နှင့် တွဲဖက်အသုံးပြုရမည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို မြင်းခြံမြို့နယ် ရွာသာဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည် ဖြစ်သည်။ ပုဂ္ဂလိကအနေဖြင့် စွမ်းဆောင်မှုမပြုနိုင်သော ကြီးမားသည့် စက်မှုလုပ်ငန်းကြီးများကို နိုင်ငံတော်အပိုင်းက တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ရာ အစိုးရအဖွဲ့သစ်၏ အနာဂတ်ရေး အမြော်အမြင်ကြီးမားမှုနှင့် စေတနာထားမှုမှာ အထူးပင် တန်ဖိုးထား လေးစားထိုက်လှပါသည်။

ထို့ပြင် စက်မှုလုပ်ငန်းများ၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (Industrial Training Center) ကိုလည်း ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်သည်။ လက်ရှိအခြေအနေတွင် ဆင်တဲ၊ မန္တလေး၊ သာဂရနှင့် ပခုက္ကူတို့၌ စက်မှုသင်တန်းကျောင်း လေးကျောင်းကို ဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ်ပေးလျက်ရှိရာ ထပ်တိုးလာမည့် စက်မှုသင်တန်းကျောင်းအပါအဝင် အနာဂတ် စက်မှုနိုင်ငံတော်သစ်ကို ထောက်ကူပံ့ပိုးဖော်ဆောင်ပေးနိုင်မည့် စက်မှုကျွမ်းကျင်လုပ်သားများ ပိုမိုတိုးပွားလာတော့မည် ဖြစ်ပေသည်။

နိုင်ငံတော်၏ အနာဂတ်စီးပွားရေးအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် ကဏ္ဍများတွင် စွမ်းအင်ကဏ္ဍသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ **စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (North Petro-Chem Corporation Ltd. NPCC) နှင့်ပူးပေါင်း၍ ကုန်းပိုင်းလုပ်ကွက် F (ဧလှိုင်းတွင်းဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို လည်းကောင်း၊ စင်ကာပူနိုင်ငံ SNOG Pte.,Ltd. နှင့် UPR Pte., Ltd. တို့နှင့် ပူးပေါင်း၍ ကရင်ပြည်နယ် မဲပလေဒေသအတွင်း ယော့လကျောက် ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co., Ltd. (KMDC) နှင့် Brilliant Oil Corporation Pte.,Ltd. (BOC) တို့နှင့် ပူးပေါင်း၍ ရခိုင်ကမ်းလွန်လုပ်ကွက် A-5 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ရခိုင်ကမ်းလွန်လုပ်ကွက် A-7 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-15 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-16 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် ရေနံဓာတုဗေဒစက်ရုံ(သံပုရာကန်)ကိုလည်း မွမ်းမံပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။**

ကျွန်တော်တို့ မျှော်မှန်းသည့် အနာဂတ်နိုင်ငံတော်သစ်အတွက် လျှပ်စစ်စွမ်းအားကဏ္ဍသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်အပိုင်းက လျှပ်စစ်စွမ်းအားကဏ္ဍ တိုးတက်မြှင့်တင်ရေး အစဉ်တစိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို အထင်အရှား တွေ့ရှိနိုင်ပါသည်။ **၂၀၁၁ ခုနှစ် မတ်လအထိ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ လျှပ်စစ်စက်တပ်ဆင်အားကို ကြည့်လျှင် စုစုပေါင်း ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ် ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏ ကီလိုဝပ်နာရီသန်းပေါင်း ၁၈၇၆၅ သန်းရှိသည်ကို တွေ့ရှိရပါသည်။ စက်ရုံများအနေဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးရုံ ၁၇ ရုံ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးရုံ ၁၅ ရုံ စုစုပေါင်း ၃၂ ရုံဖြင့် ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေခြင်း ဖြစ်ပါသည်။** ထို့ပြင် **အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းများအနေဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက စီမံကိန်း ကိုးခု၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု စုစုပေါင်း စီမံကိန်း ၆၇ ခုဖြင့် စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ အနာဂတ်တွင် လျှပ်စစ်စွမ်းအားကဏ္ဍအတွက် လုံးဝစိတ်ချ အားထားရနိုင်သည့် အခြေအနေကောင်းကို တက်လှမ်းနေပြီဖြစ်ပါသည်။**

(ဆက်လက်ဖော်ပြပါမည်)

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အဆောက်အအုံနှင့် တောင်ကြောပေါ်၌ သွယ်တန်းထားသော ဖိအားမြှင့် ပိုက်လိုင်းနှစ်ခုကို တွေ့ရစဉ်။



ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရန် စွမ်းအင်ကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မုတ္တမကမ်းလွန်ဒေသရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်မှ သဘာဝဓာတ်ငွေ့နှင့်ရေနံများ ဤသို့ ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည်။



● **ရှေ့ဖုံးမှ**

ခေတ်အလိုက် ခေတ်အကြိုက် နေရာမရနိုင်ဘဲ ကြိုးစားရပ်တည်ခဲ့ရသည်။ နိုင်ငံတော်က အားပေးချီးမြှောက်မှုပြုခဲ့သဖြင့် မြန်မာ့ရုပ်သေး မကွယ်ပျောက်ဘဲ ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာ့ရုပ်သေးကို ယနေ့လူငယ်များက အလေးမထားလိုတော့။ မြန်မာ့ရုပ်သေးအနုပညာကို ယနေ့လူငယ်အများစု စွဲမက်စွာ မကြည့်ရှုကြသည်မှာအမှန်ပင်။

တင်ဆက်ပြသ

ထိုသို့သော မြန်မာ့ရုပ်သေးအနုပညာကို ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ခမ်းနားထည်ဝါစွာ ခင်းကျင်းတင်ဆက်ပြသနေသည်ဟူသောသတင်းကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ ကရဝိက်နန်းတော်၏ ဥတ္တရခန်းမ၌ စင်မြင့်ဖြင့် ဖျော်ဖြေတင်ဆက်နေသော ထွေးဦးမြန်မာက စီစဉ်သည့် ရုပ်သေးပွဲကို ကြည့်ရှုခွင့်ရခဲ့သည်။

အနီးကပ်လေ့လာ

ကမ္ဘာလှည့် ခရီးသွားများနှင့် ပြည်တွင်းမှ မြန်မာနိုင်ငံသားများအားလုံးအတွက်ရည်ရွယ်ပြီး ရုပ်သေးအနုပညာကို စီစဉ်တင်ဆက်နေသည့် အစီအစဉ်ဖြစ်ရာ ရုပ်သေးကြိုးဆွဲကပြမှုနှင့် ရုပ်သေးကြိုးဆွဲမှုတို့ကို အနီးကပ် ကိုယ်တိုင်ကိုယ်ကျလေ့လာနိုင်သည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၄၅ မိနစ်အထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်အထိတစ်ကြိမ်၊ မွန်းလွဲ ၃ နာရီမှ ၃ နာရီ ၄၅ မိနစ်အထိတစ်ကြိမ်၊ မွန်းလွဲ ၄ နာရီမှ ၄ နာရီ ၄၅ မိနစ်အထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့လေးကြိမ် ပြသလျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စပြီး ဧပြီ ၂၉ ရက်အထိ သုံးလတာကာလအတွက် ယခုအခါ ကြိုးဆွဲကပြလျက်ရှိကြောင်း သိရသည်။

ရုပ်သေးကြိုးဆွဲကပြမှုကို ဘုရားကန်တော့ခန်း၊ နတ်ကတော်အက၊ အပျိုတော်ယိမ်း၊ မြင်းအက၊ မျောက်အက၊ ဇော်ဂျီအက၊ ဘီလူးအက၊ ကိန္နရီ၊ ကိန္နရာအက၊ နှစ်ပါးသွားအက၊ သူငယ်တော်အက၊ သူငယ်တော်နှင့် လူတွဲကသည့်အက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက စသည့် အစီအစဉ်များဖြင့် စနစ်တကျ ပြင်ဆင်တင်ဆက်လျက်ရှိနေသည်။ အစီအစဉ်တစ်ခုချင်းအလိုက် မြန်မာလို၊ အင်္ဂလိပ်လိုဖြင့် ရှင်းလင်းပြောပြလျက်ရှိသဖြင့် နိုင်ငံခြားသားခရီးသွားများအတွက် အဆင်ပြေလှသည်ကို တွေ့ရသည်။

စီစဉ်ထား

တစ်ဖန် မြန်မာ့ရုပ်သေးကို ကိုယ်တိုင်ကြိုးဆွဲလိုသူများအတွက် လက်တွေ့ကြိုးဆွဲခွင့်လည်း စီစဉ်ပေးထားသည်။ ထို့အပြင် ရုပ်သေးရုပ်တစ်ရုပ်ကို အစိတ်အပိုင်းတစ်ခုချင်းအလိုက် လက်တွေ့တပ်ဆင်လိုလျှင်လည်း စိတ်တိုင်းကျ လုပ်ကိုင်နိုင်ရန် စီစဉ်ထားသည်။ မြန်မာ့ရုပ်သေးအနုပညာကို နီးနီးကပ်ကပ် ထိတွေ့လေ့လာခံစားနိုင်ရန် စီစဉ်ထားခြင်းပင်ဖြစ်သည်။

ဖြည့်ဆည်း

ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာ့ရုပ်သေးကို အဆင့်အတန်းမြင့်စွာထိတွေ့ခံစားနိုင်ရန်နှင့် မြန်မာလူငယ်များ ရုပ်သေးအနုပညာကို မြတ်နိုးစိတ် ဖြစ်ပေါ်လာစေရန် ကြိုးစားစီစဉ်မှု တစ်ရပ်အဖြစ် တင်ဆက်နေမှုမှာ အားရဖွယ်ဖြစ်ပြီး မြန်မာနိုင်ငံတွင်သာမက ကမ္ဘာသို့တိုင် သတိပြုမိစေရန် မီးမောင်းထိုးပေးလိုက်ခြင်းဖြစ်သည်ဟု ခံစားမိပါကြောင်း။ ။

(မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

ထို့နောက် ဝန်ကြီးသည် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေ၊ မြို့ရေပေးရေးယာဉ်များနှင့် အမှိုက်သိမ်းယာဉ်များ၏ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြင်းခြံမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးသွားရေးနှင့်ယာဉ်ယန္တရားများ ကြံ့ခိုင်မှုရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ (၄၆၉)

AIR KANBAWZA လေကြောင်းလိုင်း ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

ရန်ကုန် ဧပြီ ၂၄

***AIR KANBAWZA** လေကြောင်းလိုင်းသည် ရန်ကုန်-မြိတ်-ရန်ကုန်၊ ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန်ခရီးစဉ်များကို ဧပြီ ၂၄ရက်မှ စတင်ပျံသန်းခဲ့သည်။ ယခုတစ်ဖန် မေလတွင် တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ ပူတာအို၊ ကော့သောင်း၊ စစ်တွေ၊ သံတွဲ၊ မော်လမြိုင်နှင့် ကလေးမြို့တို့သို့ ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည့်အပြင် ပြည်ပခရီးစဉ်များကိုပါ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။* *(သတင်းစဉ်)*

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဧပြီ ၃ ရက်က ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးကိစ္စ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်

ကျောက်ဆည် ဧပြီ ၂၄

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မတ် ၁၂ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒုတိယဦးစီးမှူး(ဈေး)၊ ဈေးခေါင်း၊ ဈေးလုံခြုံရေးဝန်ထမ်းများနှင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ ဂါလန် ၁၆၀၀ ဆံ့ အမြင့်တင်ရေစင်နှင့် ဆက်သွယ်ထားသော မီးသတ်ရေငုတ်များ၊ ဈေးဆိုင်များမှ အရန်သင့်ထားရှိသော မီးသတ်ဆေးဘူးများ၊ လေးဂါလန်ဝင် အရန်ရေပုံးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ရာ ဈေးအလှည့်ကျ အကျိုးတော်ဆောင်များနှင့် အမှုဆောင်အရာရှိတို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	ခန္ဓာငါးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၄)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၂)
၈း၄၅	ပျော်စရာကြီး Live Show အပိုင်း (၁)
၉း၁၅	ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်...
၉း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်း သိကောင်းစရာ)
၁၀း၀၀	ကြက်သွန်စိုက်ပျိုးဖြစ်ထွန်း အောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
၁၀း၁၀	သာသနာရောင်ဝါထွန်းလင်းဖြာ ဖျာပုံမြို့နယ်မှ ဂျိုဝါကြံခင်းကျေးရွာ
၁၀း၃၀	Activities in the City (သူနာပြုသိပ္ပံကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၀း၄၅	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ...(အင်းလေး)
၁၁း၂၀	Celebrity Choice (ရတနာမိုင်)
၁၁း၄၅	MRTV- 4 ကာတွန်းအစီအစဉ်
၁၂း၁၅	ဒဂုံဆယ်တော်မူစေတီနှင့် ရွှေလင်းယုန်ဆရာတော် သာသနာပြုလုပ်ငန်းများ
၁၂း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားလုံးကြော်နှင့် သခွားသီးမှိုခြောက်ဟင်းချို)
၁း၀၀	ခန္ဓာငါးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
၂း၄၅	လေ့လာသင်ယူပါ School of Logistics and Supply Chain Management ...မှာ
၃း၀၀	သဇင်ရေကျော်မှ သာသနာ့အောင်ပွဲ
၃း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၄)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၂)
၅း၀၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၅း၂၅	Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၅)
၇း၃၀	ပျော်စရာကြီး Live Show အပိုင်း (၂)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၃)
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၃၅	နှလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ Physiothcrapy Clinic
၁၀း၅၅	Iternational Show Biz
၁၁း၁၀	တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီတော်ဝင်ကေတုမတီ
၁၁း၃၅	ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) အပိုင်း (၂)
၁၂း၀၅	ကော်ဇောမှာအသွင်ဆန်း ဒေါပုံကော်ဇောအစွမ်း
၁၂း၃၀	Box Office Movies (Avator)
၁၂း၅၀	ခနရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၁၂း၅၅	Celebrity Profile (Lee Byaung Hun)
၁း၄၀	စိတ်၏စွမ်းအား Aikido အားကစား
၁း၅၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၂း၁၅	လယ်တီသာသနာ လယ်တီကျောက်စာ
၂း၄၅	လုပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၄း၁၅	ဒွါရာဝတီ၏ အနုပညာ... ဝါးရက်ကန်းလက်ရာ
၄း၃၅	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၄း၄၅	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၄း၅၅	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Blackburn-Man City	ESPN (Live)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရပ်ကွက်အတွင်း လောင်စာဆီများသိုလှောင်နေ မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် (၂)ရပ်ကွက် အောင်သပြေလမ်းရှိ နေအိမ်တစ်အိမ်တွင် လောင်စာဆီပီပါများကို တရားမဝင်သိုလှောင်ထားလျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ကြက်ခြံမှအနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မကွေးမြို့ သိင်္ဂါဂီရိရပ် သီရိမင်္ဂလာလမ်းရှိ နေအိမ်တစ်အိမ်တွင် အသားတိုးကြက်များမွေးမြူပြီး အညစ်အကြေးများအား လမ်းပေါ်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားခြင်းကြောင့် အနံ့အသက်ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

အညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် ဆိပ်ကမ်းသာလမ်း(အထက်ဘလောက်)နှင့်အနော်ရထာလမ်းထောင့်တွင် နေ့စဉ်နေ့လယ်ပိုင်းမှစ၍ ညဉ့်နက်ချိန်အထိ ထင်းမီးများဖြင့် ပလာတာ၊ စမူဆာများကို ကြော်လှော်နေရာ ပတ်ဝန်းကျင်၌နေထိုင်ကြသော သက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များမှာ ၄င်းဆိုင်မှထွက်ရှိသော ထင်းမီးခိုးများနှင့် ညော်နံ့များအား နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေးထိခိုက်လျက်ရှိပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရပ်ကွက်အတွင်းမှအမှိုက်ပုံ ရှင်းလင်းပေးစေလို

စာတည်းရှင့်-

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) ပဒေသာမြို့သစ် (ည)ရပ်ကွက် နဝရတ်လမ်းနှင့် သီဂီလမ်းကြားတွင် ပုံကျဈေးသည်များရောင်းချလျက်ရှိရာ ဈေးရောင်းသူများသည် ကြွပ်ကြွပ်အိတ်များကို စည်းကမ်းမဲ့စွန့်ပစ်ထားခြင်းကြောင့် ဆိုင်ခန်းများအနီး အမှိုက်ပုံကြီးဖြစ်နေပါသည်။ အဆိုပါအမှိုက်ပုံမှ အနံ့ဆိုးများ ထွက်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်ရှိနေအိမ်များမှာ ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါသဖြင့် အဆိုပါအမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရှင်မတစ်ဦး

ကြက်အစာစက်ရုံ စက်မှုဇုန်သို့ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကြက်ဖြူကန်ကျေးရွာ အောင်ဇမ္ဗူအေးဘုရားလမ်းရှိ ကြက်အစာစက်ရုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် အဆိုပါစက်ရုံအား စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ကြက်ဖြူကန်ကျေးရွာသား**

ရပ်ကွက်အတွင်းမှစက်သုံးဆီဆိုင် ဖယ်ရှားရှင်းလင်းပြီး

၁၈-၄-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်အတွင်းရှိ စက်သုံးဆီဆိုင် ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ၉-၄-၂၀၁၁ရက်တွင် ရှင်းလင်းထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားရှင်းလင်းပြီး

၃၀-၈-၂၀၁၀ ရက်ထုတ် မြန်မာ့ အလင်းသတင်းစာပါ **တွံတေးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ကျူးကျော်ဈေးဆိုင်အား ဖယ်ရှားပေးစေလို** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

တရားမဝင် ဈေးဆိုင်များ ရှင်းလင်းဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဗိုလ်တထောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ရာဇာဓိရာဇ်လမ်းသွယ် ဝဲဘက်ခြမ်းတွင် အမိုးအကာအဆောက်အအုံများဆောက်လုပ်၍ တရားမဝင်ဈေးရောင်းခြင်း၊ လူနေထိုင်ခြင်းနှင့်ယာဘက်ခြမ်းတွင် တရားမဝင်အဖီများချ၍ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေခြင်းတို့ကြောင့် လမ်းပိတ်ဆို့ကာ ယာဉ်သွားယာဉ်လာခက်ခဲလျက်ရှိရာ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရာဇာဓိရာဇ်လမ်းသား**

သွပ်ပြားများကာရံထား သွားလာရေး အခက်ကြုံ

စာတည်းခင်ဗျား-

လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉)ရှိ အိမ်ရာများ၏ရှေ့ အကျယ်ပေ ၃၀ခန့်ရှိလမ်းအား စက်သုံးဆီဆိုင်တစ်ဆိုင်မှသွပ်ပြားများ ကာရံပိတ်ဆို့ထားရာ သွားလာရေးအခက်အခဲနှင့် ကြုံတွေ့ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

နိုင်ငံတကာ ဂီတ

မူးယစ်သောက်စားယာဉ်မောင်းမှုဖြင့် လင်ဆေးလိုဟန် ထောင်ဒဏ်ကျခံရ

ကယ်လီဖိုးနီးယား ဧပြီ ၂၄

အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် လင်ဆေးလိုဟန်အား ၂၀၀၇ ခုနှစ်က မူးယစ်ရမ်းကားယာဉ်မောင်းမှုဖြင့် ထောင်ရက် ၁၂၀ ကျခံစေရန် လော့စ်အိန်ဂျလိစ်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း ဧပြီ ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ (ဓါတ်ပုံ)

အယူခံသွားမည်

သို့သော် အသက် ၂၄ နှစ်ရှိ လင်ဆေးလိုဟန်၏ ရှေ့နေများက ယင်းပြစ်မှုအတွက် အယူခံသွားမည်ဖြစ်ကြောင်း၊ သူမသည် ဧပြီ ၂၂ ရက်က အဆိုပါ တရားရုံး၌ ပြစ်ဒဏ်မှ လွတ်မြောက်ရေးအတွက် အာမခံငွေ အမေရိကန် ဒေါ်လာ ၇၅၀၀၀ ပေးဆောင်ခဲ့ပြီးနောက် အချုပ်ခန်းမှ ပြန်လွတ်ပေးခဲ့သည်။

လင်ဆေးလိုဟန်သည် ဇန်နဝါရီလအတွင်းက အမေရိကန်ဒေါ်လာ ၂၅၀၀ တန်ဖိုးရှိ ဆွဲကြိုးတစ်ကုံးကို ကယ်လီဖိုးနီးယားရှိ လက်ဝတ်ရတနာ အရောင်းဆိုင်တစ်ဆိုင်မှ ခိုးယူမှုဖြင့်လည်း တရားစွဲခံထားရသူဖြစ်သည်။

သူမကို ဆွဲကြိုးခိုးမှုတွင် အာမခံဖြင့် လွတ်ထားခဲ့ပြီးနောက် တရားရုံးက အထက်ပါအတိုင်း အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က လင်ဆေးလိုဟန်အား ဆွဲကြိုးခိုးမှုအတွက် ရှာဖွေစစ်ဆေးခဲ့ပြီးနောက် ဆွဲကြိုးကို ပိုင်ရှင်အား ပြန်ပေးခဲ့သည်။ ယင်းဆွဲကြိုးကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်းနစ်မြို့ရှိ စတိုးဆိုင်တစ်ဆိုင်မှ ငှားယူခဲ့ခြင်းသာဖြစ်ကြောင်း လင်ဆေးလိုဟန်က ထွက်ဆိုခဲ့သည်။ **(အင်တာနက်)**

အမေရိကန်၌ အရောင်းရဆုံးတေးအယ်လ်ဘမ်



လော့စ်အိန်ဂျလိစ် ဧပြီ ၂၄

ဖူးဖိုက်တာဟု အမည်ပေးထားသည့် နာမည်ကြီး တီးဝိုင်းအဖွဲ့က ထုတ်ဝေဖြန့်ချိလိုက်သည့် တေးအယ်လ်ဘမ်သည် အမေရိကန်နိုင်ငံတွင် လူကြိုက်အများဆုံးဖြစ်လာပြီး အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်လာကြောင်း ဧပြီ ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရောင်းချခဲ့ရ

ယင်းတေးအယ်လ်ဘမ်၏အမည်မှာ **Wasting Light** ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီ ၁၉ ရက်က လော့စ်အိန်ဂျလိစ်မြို့တွင် နံပါတ်တစ် အရောင်းရဆုံး တေးအယ်လ်ဘမ်အဖြစ် သတ်မှတ်ခြင်းခံရသည်။ စုစုပေါင်း တေးအယ်လ်ဘမ် ၂၃၅၀၀၀ ရောင်းချခဲ့ရသည်ဟုဆိုသည်။

သီဆိုပေးထား

အဆိုပါ တေးအယ်လ်ဘမ်တွင် အဓိကအားဖြင့် အဆိုတော်နှင့် ဂီတပညာရှင် ဒါဗီဂရိုဟီ **(ယာပုံ)** ပါဝင်တီးခတ် သီဆိုပေးထားသည်။ ဒုတိယအရောင်းရဆုံး တေးအယ်လ်ဘမ်မှာ **in your honor** အယ်လ်ဘမ်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းတင်ပြသည်

မိုက်ကယ်ဂျက်ဆင် သေဆုံးမှု ဓာတ်ပုံနှင့်တကွ စစ်ဆေးမည်

နယူးယောက် ဧပြီ ၂၄

ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင် သေဆုံးမှုနှင့် ပတ်သက်ပြီး အဓိကတာဝန်ရှိသူ ဆရာဝန်အား စစ်ဆေးနိုင်ရေးအတွက် မိုက်ကယ်ဂျက်ဆင် သေဆုံးစဉ်က ရင်ခွဲဓာတ်ပုံများကို ပြသရန် လော့စ်အိန်ဂျလိစ်မြို့ ဂျူရီ တရားသူကြီးအဖွဲ့က အမိန့်ချမှတ်လိုက်သည်။

သေဆုံးခဲ့ရ

မိုက်ကယ်ဂျက်ဆင်သည် ၂၀၀၉ ခုနှစ် ဇွန်လက ဆေးသုံးစွဲမှုလွန်ကဲခြင်းကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု သက်သေများက ထွက်ဆိုခဲ့သော်လည်း သူသည် မသေဆုံးမီ ကျန်းကျန်းမာမာပင် ရှိနေကြောင်း လော့စ်အိန်ဂျလိစ် တရားသူကြီး မိုက်ကယ်ပါစတာက ပြောကြားခဲ့သည်။ မိုက်ကယ်ဂျက်ဆင်၏ မိသားစုဆရာဝန် ဒေါက်တာ ကွန်ရက်မာရေးက မိုက်ကယ်ဂျက်ဆင်အား သေဆုံးစေရန် တမင်တကာ လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဖမ်းဆီးခံထားရ

ဒေါက်တာမာရေးက သူ့အနေဖြင့် မိုက်ကယ်ဂျက်ဆင် အိပ်မပျော်နိုင်သည့်အတွက် အိပ်ပျော်စေရန် အိပ်ဆေးများ အသုံးပြုကုသပေးခဲ့သည်ဟု ဆို သည်။ သို့သော် ၎င်းသည် မိုက်ကယ်ဂျက်ဆင် သေဆုံး ပြီးနောက် အဓိက တာဝန်ရှိသူအဖြစ် စွပ်စွဲကာ ဖမ်းဆီးခံထားရသည်။

(အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင်

မောင်မောင်မြင့်ဆွေ – စုစည်းတင်ပြသည်

နိုင်ငံ ၃၀ကျော် ပါဝင်ဆင်နွှဲနေသည့် ထရိုင်ဘီကာရုပ်ရှင်ပွဲတော်

နယူးယောက် ဧပြီ ၂၄

အမေရိကန်နိုင်ငံ နယူးယောက်စီးတီးတွင် (၁၀)ကြိမ်မြောက် ထရိုင်ဘီကာ ရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၂ ရက်က ဆက်လက်ကျင်းပသည်။

*ယင်းရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၀ ရက်မှ မေ ၁ ရက်အထိ ကျင်းပလျက်ရှိရာ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ကျော်မှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၃ကား ပါဝင်ဆင်နွှဲ ပြသလျက်ရှိသည်။ **(အပေါ်ပုံ)***

လူကြိုက်များ

ထရိုင်ဘီကာ ရုပ်ရှင်ပွဲတော်၌ Jesus Henry Christ ဇာတ်ကား၊ ဟောင်ကောင် ဒါရိုက်တာ တီဆူရီဟာက်ရိုက်ကူးသည့် Detective Dee and the Mystery of the Phantom Flame ဇာတ်ကား၊ တရုတ် ရုပ်ရှင်ဒါရိုက်တာ ကျန်းဝမ်ရိုက်ကူးသည့် Let the Bullets Fly ရုပ်ရှင်ဇာတ်ကားတို့ ရေပန်းစား လူကြိုက်များလျက်ရှိသည်။

*၂၀၀၂ ခုနှစ်မှ စတင်ကာ နယူးယောက်စီးတီးရှိ မင်ဟက်တန်အရပ်၌ ကျင်းပခဲ့သော ၎င်းရုပ်ရှင်ပွဲတော်တွင် ယခုအချိန်အထိ နှစ်စဉ်ပရိသတ် သုံးသန်းကျော်ပါဝင်ဆင်နွှဲခဲ့ပြီး ငွေကြေးကုန်ကျမှုမှာ အမေရိကန်ဒေါ်လာသန်း ၆၀၀ခန့်ရှိနေပြီဖြစ်သည်။ **(အင်တာနက်)***

ဥရောပနိုင်ငံရုပ်ရှင်များ၌ သရုပ်ဆောင်မည့် တောင်ကိုရီးယား သရုပ်ဆောင် ရိန်း

ဆိုးလ် ဧပြီ ၂၄

***တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ရိန်းသည် ဧပြီလကုန်၌ ဟောလိဝုဒ်တွင် ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကား၌ ပါဝင်သရုပ်ဆောင်ရန်အမေရိကန်သို့သွားရောက်မည် ဖြစ်ကြောင်း ဆိုးလ်မြို့တွင် ဧပြီ ၂၂ ရက်က မီဒီယာသမားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။** (ယာပုံ)*

စွယ်စုံထူးချွန်

ဥရောပရှိ ဆယ်ကျော်သက် ပရိသတ်များ တစ်ခဲနက်လက်ခံထားသော သရုပ်ဆောင်ရိန်းအား ဗြိတိန်၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့မှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီများက မျက်စိကျလျက်ရှိသည်။ထို့ကြောင့်ယခုခရီးစဉ်တွင် ဥရောပနိုင်ငံအချို့၌ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရေးအတွက်လည်း ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။ အသက် ၂၉နှစ်အရွယ်ရှိ သရုပ်ဆောင် ရိန်းကို အာရှတွင်သာမက ကမ္ဘာတစ်ဝန်း ပရိသတ်များကလည်းအားပေးလျက်ရှိရာ သရုပ်ဆောင်၊ အဆိုတော်၊ မော်ဒယ်လ်၊ဒီဇိုင်နာနှင့်ခေတ်ပေါ်အကအနုပညာများ၌ စွယ်စုံထူးချွန်သူဖြစ်သဖြင့်အားပေးကြခြင်းလည်းဖြစ်သည်။

သရုပ်ဆောင်နှင့် ဂီတအနုပညာလောက၌ ၂၀၀၂ခုနှစ်မှစတင်ကာ အောင်မြင်မှုများရရှိခဲ့သော ရိန်းသည် ၂၀၀၃ခုနှစ်က Sang Doo! Let's Go To School ဇာတ်ကားဖြင့် ကောဘီအက်စ်အကောင်းဆုံးသရုပ်ဆောင်ဆုရရှိခဲ့သည်။ ၂၀၀၄ခုနှစ်၌ Full House ရုပ်ရှင်ဇာတ်ကားဖြင့် ကောဘီအက်စ် အကောင်းဆုံး သရုပ်ဆောင်ဆုရရှိခဲ့ပြီးနောက်ပိုင်း A Love To Kill၊ I'm a Cyborg ၊ That's Ok ဇာတ်ကားများ၌ဆက်တိုက်အောင်မြင်မှုရရှိခဲ့သည်။၂၀၀၆ ခုနှစ် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အယ်လ်ဖရက်ဘယူရာဆုကို ရရှိခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရသူဖြစ်သည်။

အမ်တီဗွီဆု

၂၀၀၈ခုနှစ်က အမေရိကန် ဟောလိဝုဒ်၌ ရိုက်ကူးသော Speed Racer ဇာတ်ကား၊ ၂၀၀၉ခုနှစ်က ရိုက်ကူးခဲ့သည့် Ninja Assassin ဇာတ်ကားတို့လည်း အောင်မြင်မှုရရှိခဲ့ပြီး ၂၀၁၀ခုနှစ်၌ တောင်ကိုရီးယား၏ အမ်တီဗွီဆုရရှိခဲ့သည်။

***ယခုအခါ ရိန်းသည် J. Tune Entertainment အမည်ရှိ ကိုယ်ပိုင်ကုမ္ပဏီကို ထူထောင်ကာ အနုပညာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။** (အင်တာနက်)*

သရုပ်ဆောင်ရိန်းသည် ဧပြီလကုန်၌ ဟောလိဝုဒ်တွင် ရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကား တစ်ကား၌ ပါဝင်သရုပ်ဆောင်ရန် အမေရိကန်သို့ သွားရောက်မည်။

25-4 (11).pmd 1 4/25/2011, 2:16 AM

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

✻ အင်တာမီလန်အသင်းက စပါးကလပ်မှ ကွင်းလယ်ကစားသမား လူကာမိုဒရစ်အား လာမည့် ဘောလုံးရာသီ၌ စာချုပ်ချုပ်ဆို ခေါ်ယူမည်ဖြစ်ကြောင်း အင်တာမီလန်အသင်း တာဝန်ရှိသူများက ဧပြီ ၂၃ရက်တွင် ထုတ်ဖော်ပြောကြားသည်။

✻ မန်ယူအသင်းသည် ဂိုးသမား ဗန်ဒါဆား နေရာတွင် အစားထိုးရန်အတွက် ရှော်လ်ကေးအသင်းမှ ဂိုးသမား မန်နူရယ်နူအာအား လာမည့်နှစ်၌ ခေါ်ယူမည်ဖြစ်ကြောင်း မန်ယူအသင်းက ဧပြီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

✻ ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဖလားရယူရေးမျှော်လင့်ချက်မှာ မပြီးဆုံးသေးကြောင်း၊ ကြိုးစားအားထုတ်မှုအပြည့်ဖြင့် စွမ်းဆောင်သွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ဧပြီ ၂၃ ရက်၌ ထုတ်ဖော်ပြောကြားသည်။

✻ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်အား လာမည့် နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလတွင် ဂျူဗင်းတပ်စ်နှင့် အင်တာမီလန်အသင်းတို့က အပြိုင်ခေါ်ယူရေး ကြိုးပမ်းနေကြကြောင်း မန်စီးတီးအသင်းနည်းပြ မန်စီနီက ပြောကြားသည်။

✻ ရှက်တာဒိုးနက်အသင်း ကွင်းလယ်ကစားသမား ကော်စတာအား မန်ယူအသင်းမှ ခေါ်ယူမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဧပြီ ၂၃ ရက်၌ ပြောကြားသည်။

✻ လီဗာပူးအသင်းသည် စိန့်အီတီနေကလပ်မှ အသက် ၂၃ နှစ်အရွယ် ဒီမီထရီပေယက်အား လာမည့် နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းဖြင့် ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း လီဗာပူးကလပ်က ဧပြီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

✻ ဝင်ဘယ်ဒန် တင်းနစ်ချန်ပီယံ ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်ပြိုင်ပွဲများမှ စတင်ကာ ဆုကြေးငွေကို အမေရိကန် ဒေါ်လာ ၂ ဒသမ ၉ သန်းအထိ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ဧပြီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကွင်းလယ်ကစားသမား စကော့တ်ပါကာ အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူး

လန်ဒန် ဧပြီ ၂၄

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား စကော့တ်ပါကာ**(ယာပုံ)**အား အင်္ဂလန်ဘောလုံးဆောင်းပါးရှင်များအသင်းက ၂၀၁၁ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားအဖြစ်ရွေးချယ်လိုက်ကြသည်။

ရွေးချယ်

အသက် ၃၀ အရွယ်ရှိ စကော့တ်ပါကာအား စပါးတောင်ပံကစားသမား ဂါးရက်ဘေးလ်ကို ကြေးစားဘောလုံးသမားများအသင်းက ချီးမြှင့်သည့် အကောင်းဆုံးဘောလုံးသမားဆုပေးပြီး တစ်ပတ်အကြာ အင်္ဂလန်ဘောလုံးဆောင်းပါးရှင်များအသင်းက အကောင်းဆုံးဘောလုံးသမားဖြစ် ဆန္ဒမဲပေး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စကော့တ်ပါကာသည် မတ်လအတွင်းက အင်္ဂလန်အသင်း ယူရို ၂၀၁၂ ခြေစစ်ပွဲအောင်နိုင်ရေးအတွက် အဓိကပါဝင်ကစားပေးခဲ့သူဖြစ်သည်။ သူသည် ချယ်လ်ဆီးနှင့် နယူးကာဆယ်ကစားသမားဟောင်းလည်း ဖြစ်သည်။ ၄င်းသည် ယင်းအကောင်းဆုံးဆုကို လာမည့် မေ ၁၂ ရက်တွင် လက်ခံယူရမည်ဖြစ်သည်။ စကော့တ်ပါကာ ယင်းဆုရရှိခြင်းကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ပရီမီယာလိဂ်တန်းဆင်းဇုန် လွတ်မြောက်ရေးကြိုးပမ်းမှုအတွက် ခွန်အားတစ်ရပ်ဖြစ်လာသည်။

(အင်တာနက်)

အာကာဟိန်း – စုစည်းသည်

ဟာနန်ဒက်ဇ်၏ ခေါင်းတိုက်ဂိုးဖြင့် မန်ယူ ဆက်လက်ဦးဆောင်နေ

လန်ဒန် ဧပြီ ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၃၄) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၃ ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက အိမ်ကွင်း၌ အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ခေါင်းတိုက်ဂိုး

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ပွဲပြီးရန် ရှစ်မိနစ်အလိုတွင် ခေါင်းတိုက်သွင်းယူခဲ့သည်။

ဦးဆောင်

ယင်းပွဲအပြီး မန်ယူတို့ ပရီမီယာလိဂ်တွင် ရမှတ် ၇၃ မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

(အင်တာနက်)

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်း မန်ယူဖြစ်လာ

လန်ဒန် ဧပြီ ၂၄

မန်ယူအသင်းသည် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းအဖြစ် ရောက်ရှိလာကြောင်း အမေရိကန်စီးပွားရေးမဂ္ဂဇင်းဖြစ်သည့် ဖော့ဘတ်မဂ္ဂဇင်းက ဧပြီ ၂၃ ရက်၌ ဖော်ပြလိုက်သည်။

အချမ်းသာဆုံး

မန်ယူအသင်း၏ ပိုင်ဆိုင်မှု ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံအထိရောက်ရှိလာသဖြင့် ယခင်က အချမ်းသာဆုံးအသင်းဖြစ်သည့် စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းကို ကျော်ဖြတ်ကာ အချမ်းသာဆုံးကလပ် ဖြစ်လာခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းက အရပ်ရပ်ဝင်ငွေများ လျော့ကျခဲ့သဖြင့် ပိုင်ဆိုင်မှုငွေကြေးမှာ အမေရိကန်ဒေါ်လာ ၉၇၅ သန်းအထိ ကျဆင်းကာ ဒုတိယနေရာသို့ ရောက်ရှိသွားသည်။ တတိယအချမ်းသာဆုံး ဘောလုံးအသင်းနေရာတွင် အာဆင်နယ်ရောက်ရှိလာသည်။ စတုတ္ထနှင့် ပဉ္စမနေရာများတွင် စပိန်ကလပ် ဘာစီလိုနာနှင့် ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့က အစဉ်လိုက်ရပ်တည်နေကြကြောင်း ဖော့ဘတ်မဂ္ဂဇင်းက ဖော်ပြသည်။

(အင်တာနက်)

မြင့်မောင်စိုး–စုစည်းသည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ ယခုနှစ်အတွင်း ဂိုး ၅၀ သွင်းနိုင်ပြီ

မက်ဒရစ် ဧပြီ ၂၄

စပိန်လာလီဂါဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီက ဂိုး ၅၀ မြောက်အဖြစ် သွင်းယူခဲ့သည်။

သွင်းယူ

တိုက်စစ်မှူး မက်ဆီသည် **(ဝဲပုံ)** ဘာစီလိုနာနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်သည့်ပွဲ၌ ယင်းဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဘာစီလိုနာက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့် ဘာစီလိုနာအသင်းအတွက် တိုက်စစ်မှူး ဒေးဗစ်ဗီလာကလည်း တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

စံချိန်ဂိုး

အသက် ၂၃ နှစ်ရှိ မက်ဆီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းအတွက် ၄၇ ဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးအရေအတွက်မှာ ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ရော်နယ်ဒို စပိန်လာလီဂါတွင် သွင်းယူခဲ့သည့် စံချိန်ဂိုးဖြစ်သည်။

အများဆုံး

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု နှစ်ကြိမ်ဆွတ်ခူးခဲ့သည့်မက်ဆီသည် ယခုနှစ်တွင် ဂိုး ၅၀ အထိ သွင်းယူနိုင်ခဲ့ပြီ ဖြစ်၍။ စပိန်လာလီဂါသမိုင်းတွင် ဂိုးအများဆုံးသွင်းသူဖြစ်လာသည်။

ထိုနေ့က ရီးရဲမက်ဒရစ်ကလည်း ဗလင်စီယာကို ခြောက်ဂိုး-သုံးဂိုးဖြင့် နိုင်ခဲ့သည်။ သို့သော် ဘာစီလိုနာက ရှစ်မှတ်အသာဖြင့် စပိန်လာလီဂါအမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ ဒေးဗစ်ဟေးနှင့် ကလစ်ချ်ကို ထိုးသတ်မည်

ဟမ်းဘတ် ဧပြီ ၂၄

ဗြိတိန်လက်ဝှေ့သမား ဒေးဗစ်ဟေးနှင့် ယူကရိန်းလက်ဝှေ့သမား ဝါဒီမီယာကလစ်ချ်ကိုတို့သည် လာမည့် ဇူလိုင် ၂ရက်တွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲကြီးအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပသူများက ပြောကြားသည်။

ဒဗလျူဘီအေချန်ပီယံ ဒေးဗစ်ဟေး၊ အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုချန်ပီယံ ကလစ်ချ်ကိုတို့သည် ပြီးခဲ့သည့်လက ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူထားခဲ့ကြသည်။ သို့သော် ယင်းသဘောတူညီချက်ကို ထုတ်ဖော်ကြေညာခဲ့ခြင်း မပြုခဲ့ကြပေ။

ယင်းတို့နှစ်ဦးသည် ၂၀၀၉ ခုနှစ်က ထိုးသတ်ရန် သဘောတူညီခဲ့ကြသေးသည်။ သို့သော် ဝါဒီမီယာမှာ ကျောဒဏ်ရာရသွားခဲ့သဖြင့် ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ရသည်။ ထိုသို့ဖျက်သိမ်းခဲ့ရခြင်းကို တုံ့ပြန်သောအားဖြင့် နှစ်ဦးစလုံးက ပြီးခဲ့သည့် မတ် ၅ ရက်၌ နောက်တစ်ကြိမ်ထိုးသတ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ယူကရိန်းလက်ဝှေ့သမား ကလစ်ချ်ကိုသည် ကြေးစားလက်ဝှေ့ထိုးသတ်မှု ၅၅ ပွဲတွင် သုံးပွဲသာ အရှုံးရှိခဲ့ဖူးသည်။ ၄င်းသည် အလဲထိုးပွဲ ၄၉ ပွဲ ထိုးသတ်နိုင်ခဲ့သည်။ ၄င်းသည် ၂၀၀၀ပြည့်နှစ်အောက်တိုဘာလက ဒဗလျူဘီအို ချန်ပီယံခါးပတ်ဆုရခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် နိုင်ဂျီးရီးယားလက်ဝှေ့သမား ဆမ်မြူရယ်ပီတာကို အလဲထိုးပြီး အိုင်ဘီအက်ဖ်ချန်ပီယံ ဖြစ်လာခဲ့သည်။

လန်ဒန်မြို့သား ဒေးဗစ်ဟေးသည် ၂၀၀၉ ခုနှစ် နိုဝင်ဘာလက ဒဗလျူဘီအေ ချန်ပီယံဖြစ်လာခဲ့သည်။ ၄င်းသည် ကြေးစားလက်ဝှေ့ပြိုင်ပွဲ ၂၆ ပွဲထိုးရာတွင် ၂၅ ပွဲ အနိုင်ရခဲ့သည်။ **(အင်တာနက်)**

ဒေးဗစ်ဟေး

ကလစ်ချ်ကို

ကုမ္ပဏီကြီးများ ၊ လုပ်ငန်းရှင်ကြီးများမှ တိုက်ရိုက်ပြသရောင်းချမည့် ကုန်စည်ပြပွဲကြီး

MONYWA TRADE FAIR 2011
11.5.2011 မှ 15.5.2011
မုံရွာမြို့၊ မြို့တော်ခန်းမ

TAUNGGYI TRADE FAIR 2011
20.5.2011 မှ 24.5.2011
တောင်ကြီးမြို့၊ မြို့တော်ခန်းမ

WINNER Economics Enterprise Services Co.,Ltd.(Ph: 09-5031660,09-5173076)

NAYPYITAW EXPO' 2011
၅-၅-၂၀၁၁ မှ ၈-၅-၂၀၁၁
မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၊ နေပြည်တော်။



Smart Business Group (Ph) : 01-527583, 09- 73014777
Sponsored by
Champion
NIBBAN
CHAM MYAE THA FURNITURE
FATHER LAND Construction & Decoration Co., Ltd

ပန်းချီကားဆိုတာ
သီချင်းခွေတစ်ခွေ နားထောင်ရသလိုမျိုး
ဂျာနယ်တစ်စောင် ဖတ်လိုက်သလိုမျိုး
ဗီဒီယိုတစ်ကား ကြည့်လိုက်သလိုမျိုး
အလွယ်တကူ ခံစားလို့ရတဲ့
အနုပညာတစ်ခုပါပဲ
ပန်းချီမှာ လူတန်းစားခွဲခြားမှု
မရှိပါဘူး
လူတန်းစားမရွေး လာရောက်ကြည့်ရှု
ခံစားလို့ရပါတယ်။
ဖိုးစိန်ဂယ်လာရီ
အမှတ်(၅၁-စီ)၊ ဖိုးစိန်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
အမှတ်(၉)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ စောထက်မြတ်အောင် ၁၂/တမန(နိုင်)၁၀၂၂၂၄သည် မိဘဆိုဆုံးမမှုကို မျက်ကွယ်ပြုကာ မိမိသဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသောကြောင့် အမွေခံထိုက်သောသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ဦးစောဝေဇင် ၁၄/ကလန(နိုင်)၀၉၄၃၉၈-
မိခင်-ဒေါ်မေမေအောင် ၁၄/ဖပန(နိုင်)၀၀၈၀၁၃။

ကျေးဇူးဆပ်ပါမည်
လက်ကိုင်ဖုန်းတစ်လုံး တောင်ကြီးမြို့၊ မြို့မဈေးရှေ့ နိုင်ရွှေဆိုင်အနီး ကျပျောက်သွားပါသည်။ တွေ့ရှိက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၈၅၅၂၅၁၂၊ ၀၉-၅၁၄၁၅၉၈။

KKL ကားငှားလုပ်ငန်း
မြို့တွင်း/မြို့ပြင် ခရီးစဉ်အမျိုးမျိုး ဘုရားဖူး၊ အပန်းဖြေ (Hi Ace) ကားမျိုးစုံ အထူးစီစဉ်ပေးသည်။
ဖုန်း-၀၉-၅၀၀၁၃၄၇၊
၀၉-၅၀၄၀၀၃၂။

မြေယာရှင်းများ အလုပ်ပြုပြင်ဆောင်ရွက်

ကျုံပျော် ဧပြီ ၂၄

ကျုံပျော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ မြေယာရှင်းများ လှပရေးပြုပြင်ဆောင်ရွက်ခြင်းကို ဧပြီ ၇ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

အာရှပတ်လည် မြားပစ်ပြိုင်ပွဲ လာအို၌ကျင်းပ မြန်မာတို့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထား

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ရယူပေးခဲ့သည့် ရဲမင်းဆွေ။

ရန်ကုန် ဧပြီ ၂၄

ဒုတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိရာ ဧပြီ ၂၃ ရက် ပွဲစဉ်များအပြီး၌ မြန်မာမြားပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထားသည်။

ဆွတ်ခူးရရှိခဲ့

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ရဲမင်းဆွေက Compound အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင်

အမျိုးသမီး Compound တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့သည့် အောင်ငှိမ်း။

ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၉ ဒသမ ၆ မှတ်ဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုများကို အောင်ငှိမ်းက အမျိုးသမီး Compound တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲမှ တစ်ခုနှင့် သင်းသင်းခိုင်က အမျိုးသမီး Recurve တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှတစ်ခု၊ ကြေးတံဆိပ်ဆုများကို Compound အမျိုးသားအသင်းက တစ်ခု၊ Compound အမျိုးသမီးအသင်းက တစ်ခုတို့ အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်လျက်ရှိ

အဆိုပါမြားပစ်ပြိုင်ပွဲကို အာရှထိပ်သီး မြားပစ်နိုင်ငံများဖြစ်သော ဟောင်ကောင်၊ မွန်ဂိုလီးယား၊ အီရတ်၊ အရှေ့တောင်အာရှထိပ်သီး မြားပစ်နိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် လာအိုစသည့် နိုင်ငံပေါင်း (၁၀)နိုင်ငံမှ Recurve အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၀၊ Compound အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၆ ဦး ပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို ဧပြီ ၂၆ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ (မြန်မာ့အလင်း)

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်းအမှတ်စဉ်(၈/၁၁)
Diploma in Teacher Education Competency Training
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင်ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်းအမှတ်စဉ် (၈/၁၁)သင်တန်းသို့ တက်ရောက်လိုသူများလျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ အခြေခံပညာကျောင်းသင်ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ ဝိဇ္ဇာဘွဲ့(ပထဝီဝင်)၊ ဝိဇ္ဇာဘွဲ့(သမိုင်း)၊ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ စီးပွားပညာဘွဲ့ (စာရင်းအင်းပညာ)၊ သိပ္ပံဘွဲ့(သင်္ချာ)၊သိပ္ပံဘွဲ့ (ရူပဗေဒ)၊ သိပ္ပံဘွဲ့ (ဓာတုဗေဒ)၊ သိပ္ပံဘွဲ့(ရုက္ခဗေဒ)၊ သိပ္ပံဘွဲ့(သတ္တဗေဒ)နှင့် ယဉ်ကျေးမှုတက္ကသိုလ်အတွက် ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ဂီတ)တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး (၂) နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၃၀ထက်မကြီးသူဖြစ်ရမည်။

(င) စေလွှတ်သည့်ပညာရေးကောလိပ်သို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံပါမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာ ပူးတွဲတင်ပြရမည်။ မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာ အကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာနှင့် ဌာနခွင့်ပြုချက်တို့ကိုပါပူးတွဲတင်ပြရမည်။ ဝန်ထမ်းများသည် လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

၅။ သင်တန်းကာလမှာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ ၂၀၁၂ ခုနှစ် ဩဂုတ်လလယ်အထိဖြစ်ပါသည်။ သင်တန်းကြေးအဖြစ် တစ်လလျှင် ကျပ် ၁၅၀၀ ပေးသွင်းရပါမည်။

၆။ သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာလက်မှတ် (Diploma in Teacher Education Competency)ချီးမြှင့်ပေးပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပေးမည်။

၇။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတရေးဖြေစာမေးပွဲများကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၁ ရက်တွင် သက်ဆိုင်ရာခရိုင်ရုံးစိုက်ရာမြို့နယ်ပညာရေးမှူးရုံးများ၌ စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရသူများသည် သက်ဆိုင်ရာပညာရေးကောလိပ်သို့ ရောက်ရှိချိန်တွင် ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် သွင်ပြင်လက္ခဏာအင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးခံရမည်ဖြစ်ပါသည်။ ဆရာတစ်ဦး၏အင်္ဂါရပ် အရည်အချင်းနှင့်ပြည့်စုံမှုမရှိဟုသတ်မှတ်ခံရပါက သင်တန်းတက်ရောက်ခွင့်စာရင်းမှပယ်ဖျက်မည်ဖြစ်ပါသည်။ အသက်ထောက်ခံချက်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံတစ်ပုံနှင့် မျက်မှန်မပါဓာတ်ပုံတစ်ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများသို့ ၂၀၁၁ခုနှစ် မေလ ၁၉ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

ရက်စွဲ။ ၂၀၁၁ခုနှစ် ဧပြီလ ၂၄ ရက်

(ဘိုဝင်း)
ညွှန်ကြားရေးမှူးချုပ်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း
အမှတ်စဉ်(၈/၁၁) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------- ခုနှစ် --------- လ-------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ် ------------------------------
ခုံအမှတ်------- စာစစ်ဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး--------------------

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် ------------------------------

၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်းရှိ/မရှိ------------------------------
ရှိပါက သင်တန်းအမည် ------------------------------

၆။ အိမ်ထောင် ရှိ/မရှိ (ရှိပါက)ဇနီး/ခင်ပွန်းအမည် ------------------------------
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ------------------------------
----

၈။ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ။ ၂၀၁၁ခုနှစ် လ ရက်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ်၃၉၈၊ မြေကွက်တည်နေရာ အမှတ် ၃၉၈၊ သရဖီ ၅ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစိန်မောင်၁၂/ဗဟန(နိုင်)၀၅၃၉၇၃အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင် (လူပျိုကြီး) ကွယ်လွန်သဖြင့် ဦးတင်ဆောင်၅/စကန(နိုင်)၁၂၀၂၀၉က ကိုတ္တိမမွေးစားသားတော်စပ်ကြောင်း မွေးစားစာချုပ်(၅၃၅၇/၂၀၀၉)နှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးခရိုင်နယ်တရားမရုံးတော်၌ ၂၀၁၁ခုနှစ် ဇာရီမှုအမှတ်-၅၀

မန်နေဂျာ	နှင့်	၁။ ဦးချစ်ကို
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးအေးမြင့်
ပဲခူးမြို့။		၃။ ဒေါ်သန်းသန်းဦး
ဒီကရီရသူ		**တရားရှုံးများ**

ပဲခူးခရိုင်နယ်တရားမရုံးတော်က ၂၀၀၈ခုနှစ် တရားမမှုအမှတ်-၂၆တွင် စရိတ်များအပါအဝင်ငွေ ၉၀၉၂၇၁၉ကျပ် ၆၉ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၁ခုနှစ် မေ၃၀ရက် (၁၃၇၃ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရာမှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတိအလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းအချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇-အယ်လ်)၊ မြို့ဒေါင့်ရပ်၊ ဦးပိုင်အမှတ်(၁၄-ဃ)၊ မြေဧရိယာ ၀ဒသမ၀၅၉၈ကေရှိမြေနှင့် နှစ်ထပ်တိုက်၊ ဆန်ပွဲရုံနှင့် ဆန်ဂိုဒေါင်။ **ကြမ်းခင်းဈေး ငွေကျပ် သိန်း၄၀၀။**

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။ **တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့် ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်စေရမည်ပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့် အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြ ရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင်ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်း ဖြစ်လျှင် ၎င်း၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရန် ကျန်ငွေကို မပေး မဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန် ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၁ခုနှစ် ဧပြီ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ပိုက်ပိုက်အေး၊ ခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး။**

အသိပေးကြေညာခြင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ကွင်းအမှတ် ၈၊ ဗမာစုကွင်း၊ ဦးပိုင်အမှတ်(၄၈/၁)၊ ဧရိယာ ၀ဒသမ ၁၂၆၊ မြို့တွင်းမြေကွက်မှာ ဒေါ်တင်တင်ထွေး PAN-၂၀၀၆၅၀ အမည်ပေါက်ပိုင်ဆိုင်သောမြေဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကျူးကျော်ခြင်း၊ နှောင့်ယှက်ခြင်းမပြုရန် အသိပေးကြေညာပါသည်။

ဒေါ်တင်တင်ထွေး PAN-၂၀၀၆၅၀။

Capacity Enhancement Program
သင်တန်းဖွင့်မည်

ဘွဲ့ကြိုသင်တန်းတက်ရောက်နေသူများ၊ ဘွဲ့ရရှိပြီးသူများအတွက် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကို နည်းစနစ်တကျ ကျွမ်းကျင်စွာစီမံခန့်ခွဲဆိုင်ရာနည်းလမ်းများဖြင့် အဆင့်မြှင့်တင်ပေးရေး၊ အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပေးခြင်းဖြင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ လူတစ်ဦးချင်း စွမ်းဆောင်နိုင်မှုမြှင့်တင်ပေးခြင်းဖြင့် အဖွဲ့အစည်းတစ်ရပ်လုံး စွမ်းဆောင်ရည်မြှင့်တင်စေရေးအတွက် အောက်ဖော်ပြပါ Special Guidance Areas ပို့ချပါမည်။

- Business Ethics & Etiquette
- Self-Management
- Leadership Skills
- Communication Skill & Public Speaking
- Emotional Quotient
- Health Education (Health & Hygiene)
- Power Point Presentation Skills
- Office Management
- Human Trafficking

ဆက်သွယ်ရန် - အခန်း ၃၀၆၊ ပန်းခြံတာဝါ၊ အမှတ် ၈၊ ဗားကရာလမ်း (အနော်ရထာတာယာဆိုင်ရှေ့)၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၃၈၅၃၁၊ ၅၃၈၅၁၇၊
Email: bcbcentre @mptmail. com.mm, bcbcentre 009@gmail.com.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၀(ကံဘဲ့)၊ မြေကွက်အမှတ်(၄၆/ခ/အေ)၊ ဧရိယာ ၀ဒသမ၁၆၁၅၈ကေရှိ မြေပိုင်မြေနှင့် မြေပေါ်ရှိ အမှတ်(၂၁/က)၊ ဦးဘဟန်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင်ဖြစ်သည့် ဦးမျိုးထွန်းဦး ၁၂/မရက(နိုင်)၁၃၇၈၇၆ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ယနေ့မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက လက်ခံစဉ်းစားမည်မဟုတ်ဘဲ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝယ်ယူသူ၏ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ်	**ဒေါ်ဝန်နီလှိုင်**
H.G.P, LL.B, D.A., D.O.S, B.D.S	**LL.B,D.M.L, D.I.L, B.D.S**
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၃၇၆/၈၇)	**အထက်တန်းရှေ့နေ(စဉ်-၂၅၃၁၁/၀၆)**

ရုံး-အမှတ်၉/၁၁၊ပထမထပ်၊အခန်း၁၀၄(ဒီ)၊၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၉၉၇၄၁၃၉။

အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့၊ ဆန်းချီရပ်၊ ဆန်းချီလမ်း၊ အမှတ်(၄၀-က)နေ ကျွန်ုပ်၏အမှုသည် ဒေါ်ဖွားရီ ၆/လလန(နိုင်)၀၅၂၆၆၀၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဖွားရီ၏သား မောင်လွင်ကိုဦး(ခ)တရုတ်တန်း ၆/လလန(နိုင်)၁၀၁၅၅၅ သည် မိခင်နှင့်ညီအစ်ကိုမောင်နှမတို့အား စိတ်ဆင်းရဲအောင်၊ မိသားစုဂုဏ်ကျဆင်းစေရန် အကြိမ်ကြိမ်ဆောင်ရွက်လာခဲ့ပြီး ယခုအခါ နေအိမ်မှ ၎င်း၏ဆန္ဒအရ အပြီးအပိုင်ဆင်းသွားခဲ့ပြီးဖြစ်ပါသဖြင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။

သို့ပါ၍ ၎င်းမောင်လွင်ကိုဦး(ခ)တရုတ်တန်းအနေဖြင့် မိသားစု၏ တက်နေလင်းရော်ဘာရောင်းဝယ်ရေးလုပ်ငန်းနှင့် လုံးဝပတ်သက်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးကြိုင် တရားရုံးချုပ်ရှေ့နေ(စဉ်-၂၉၉၆၇)
အမှတ် ၄၃၊ ရေးလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်၊ ထားဝယ်မြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြင်းခြံမြို့ စိမ်းလန်းစိုပြည်လှပရေး အရိပ်ရပင်နှင့် ပန်းအလှပင်များတိုးချဲ့စိုက်ပျိုး

မန္တလေး ဧပြီ ၂၄

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိလာရာ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ■

ကျန်းမာရေး အင်တာဗျူး

ဘီပိုးရှိတဲ့သူတွေကုသဖို့ မြန်မာနိုင်ငံမှာ ဆေးရှိနေပါပြီ

အမေး၊ အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

ဘီပိုးဟု လူသိများသော အသည်းရောင်အသားဝါဘီပိုးကား ကူးစက်မှုမြန်ကြောင်း သိကြသည်။ ဘီပိုးရှိသည်ဆိုသည်နှင့် ကိုယ်တိုင် အပါအဝင် မိသားစုဝင်များလည်း စိုးရိမ်ထိတ်လန့်တတ်ကြသည်။ ကူးစက်မည်ကိုလည်း ကြောက်ကြသည်။

ထို့ကြောင့် အသည်းရောင်အသားဝါဘီပိုးနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သည့် အချက်အလက်များကို အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းနှင့် တွေ့ဆုံကာမေးမြန်းခဲ့သည်။



အသည်းအကောင်းပုံကို ဤသို့ တွေ့ရသည်။

ပါမောက္ခဒေါက်တာခင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။

မေး။ ။ ဘီပိုးကူးစက်မှုအခြေအနေကို ပြောပြပေးပါဦးဆရာ။

ဖြေ။ ။ ဘီပိုးဆိုတာ စီပိုးထက် အဆတစ်ရာလောက် ကူးစက်မှုနှုန်း များပါတယ်။ အထူးသဖြင့် တစ်မိသားစုတည်းဝင်တွေ ကူးစက်မှုနှုန်းများတာပေါ့။ မြန်မာနိုင်ငံမှာတော့ မိခင်ကနေ ကလေးကို ကူးစက်တာ အများဆုံးပါပဲ။ သွေး၊ လိင်ဆက်ဆံမှု၊ အသုံးအဆောင်သုံးစွဲမှုနဲ့ အစားအသောက် အတူတကွ လက်ဆုံစားမှုတွေကအစ ကူးစက်တတ်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၃ ✱

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာတို့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထား။ (၈-၁၁)

နိုင်ငံ ၃၀ ကျော် ပါဝင်ဆင်နွှဲနေသည့် ထရီဘီကာ ရုပ်ရှင်ပွဲတော်။ (၈-၁၁)

မူးယစ်သောက်စား ယာဉ် မောင်း မှုဖြင့် လင် ဆေး လို ဟန် ထောင်ဒဏ်ကျခံရ။ (၈-၁၁)

25-4 (20).pmd 1 4/25/2011, 2:16 AM